ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday 23 October 2018 ၉၄၄၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံရှိ ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale အား လက်ခံတွေ့ဆုံစဉ်။**



# လှော်ကားသဘာဝဥယျာဉ် သီတင်းကျွတ်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားသဘာဝဥယျာဉ်တွင် သီတင်းကျွတ်ပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လှော်ကားသဘာဝဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းအောင်ထံမှ သိရသည်။

“သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲလုပ်တာ ၂၉ ကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ဥယျာဉ်စဖွင့်ကတည်းကလုပ်ခဲ့တာပါ။ နှစ်တိုင်းကျင်းပခဲ့ပေမယ့် တချို့နှစ်တွေမှာဆို မထင်မရှားလုပ်ခဲ့တာလည်းရှိတယ်။ ဒီနှစ်တော့ စည်စည်ကားကားကျင်းပသွားမှာဖြစ်ပါတယ်”ဟု လှော်ကားသဘာဝဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းအောင်က ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**



လှော်ကားသဘာဝဥယျာဉ်သို့ လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

**ယနေ့သတင်းအညွှန်း**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် စာပေဆိုင်ရာပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်

စာမျက်နှာ ၂ »»

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ ၉ »»



ကြေးမုံ

# ရည်မှန်းပူဇော် သီတင်းကျွတ်ပွဲတော်

မြန်မာတို့၏ ထုံးတမ်းစဉ်လာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆယ့်နှစ်လရာသီပွဲတော်များတွင် ဘာသာတရားကို အခြေခံပြီး တစ်နိုင်ငံလုံးဆင်နွှဲသော ပွဲတော်မှာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်ပါသည်။ ထိုနေ့ထိုရက်တွင် အများပြည်သူတို့အဖို့ အိမ်များ၊ လမ်းများ၊ ကျောင်းကန်ဘုရားများတွင် မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး ဆီမီးထွန်းညှိပူဇော်ခြင်းဓလေ့ကို ပြုလုပ်ကြရာ၌ သီတင်းကျွတ်ခြင်း၏ အနှစ်သာရကို သိရှိထားရန် လိုအပ်ပါမည်။

ဤပွဲတော်ကာလတွင် မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ခြင်း အစဉ်အလာကို သီတင်းကျွတ်လပြည့်အခါသမယ၏ အနှစ်သာရများ ထုံမွမ်းပြီး ပြုလုပ်ကြခြင်းဖြင့် ကောင်းမှုကုသိုလ်ထူးများ တိုးပွားရရှိကြလိမ့်မည်ဟု ယုံကြည်ပါသည်။ သီတင်းကျွတ်ပွဲတော်ကာလမှာ အကျယ်အားဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားမှ အဆုံး၊အစမရှိ သိမ်မွေ့နက်နဲ ကျယ်ဝန်းလေးနက်သည့် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ဟောကြားခြင်းနှင့်နာယူခြင်းဖြင့် ထူးကဲသော အကျိုးတရားများ ဖြစ်ပေါ်စေသည်ကို အလေးအမြတ်ပြု ဂရုစမ္မထားမိကြရန်ဖြစ်ပါသည်။

လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေးစေနိုင်သောနည်းကို ဟောဖော်ညွှန်ပြပေးနိုင်သော အတုမရှိသဗ္ဗညုတ မြတ်စွာဘုရားရှင်သည် လူ့ပြည်တွင် ဝါတွင်းသုံးလ၊ တာဝတိံသာနတ်ပြည်တွင် တစ်ခဏမျှသာ ကြာမြင့်သည့် အဘိဓမ္မာတရားတော်ကို မယ်တော်မိနတ်သားအား ဟောကြားပေးတော်မူရာ ထိုအဘိဓမ္မာတရားတော်ကို ရည်မှန်းကာပူဇော်ခြင်းဖြင့် ကုသိုလ်ထူးကို ပွားတိုးယူနိုင်ကြဖို့ဖြစ်ပါသည်။ ဆီမီးထွန်းခြင်းမှာမူ လူ့ပြည်မှ သုံးလတာမျှ ခွာ၍ တာဝတိံသာနတ်ပြည်တွင် တစ်ခဏမျှဖြင့် အဘိဓမ္မာတရားကို ဟောကြားပြီးနောက် လူ့ပြည်သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ဆင်းသက်ကြွမြန်းလာသည်ကို လူ၊နတ်၊ ဗြဟ္မာ၊သတ္တဝါအပေါင်းတို့က ဆီမီးထွန်းညှိ၍ ပူဇော်ကြိုဆိုကြခြင်းအား ရည်မှန်းပူဇော်ခြင်းဖြင့် ကုသိုလ်ထူးများ ပွားတိုးရယူကြဖို့ ဖြစ်ပါသည်။

သို့ဖြင့် သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရမှာ အဆုံးမရှိ ကျယ်ဝန်းနက်နဲလှသည့် ပဋ္ဌာန်းဒေသနာတော်ပါဝင်သော အဘိဓမ္မာတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင် ဟောကြားတော်မူနေခြင်းအား ရည်မှန်းပူဇော်ကြရန်ဖြစ်ပါသည်။ ထိုသို့ စိတ်ဝယ်ရည်မှန်း အာရုံပြုခြင်းဖြင့် ဒုက္ခဆင်းရဲအပေါင်းမှ ကင်းငြိမ်းရာ မဂ်ဖိုလ်နိဗ္ဗာန်လမ်းသို့ပင် ရောက်ရှိနိုင်ပါပေသည်။

ကျယ်ဝန်းနက်နဲလှသည့် တရားဒေသနာတော်များကို နှလုံးသွင်းဆင်ခြင်သည့်ကာလတွင် သဒ္ဓါတရားနှင့်ပြည့်စုံသည့် အမျိုးကောင်းသားပုဂ္ဂိုလ်တို့အား ပီတိသောမနဿတို့ ဖြစ်စေပါသည်။ ရှေးကာလက တိဿဒတ္တမထေရ်တစ်ပါးသည် သီဟိုဠ်ကျွန်းမှ ဘုရားပွင့်ရာ မဟာဗောဓိသို့ သင်္ဘောဖြင့် ဘုရားဖူးထွက်လာခဲ့ရာ ပင်လယ်ပြင် အရပ်လေးမျက်နှာသို့ မျှော်ကြည့်၍ ပင်လယ်ပြင်ကြီး၏ အဆုံး၊ အစမရှိ ကျယ်ပြောသည်ကို မြင်တွေ့ရပြီး မထေရ်သည် ဤသို့တွေးမိသည်။ "ဩော် ဒီပင်လယ်ပြင်ကြီးဟာ ကျယ်ပါဘိတော့တယ်၊ သို့သော်လည်း ငါတို့ မြတ်စွာဘုရားဟောကြားထားတဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကျယ်ပုံနှင့် နှိုင်းစာကြည့်ရင် ဒီပင်လယ်ပြင်ကြီးက အပိုင်းအခြားရှိသေးတယ်၊ အောက်မှာလည်း မြေပြင်ရှိတယ်၊ အထက်မှာလည်း ကောင်းကင်ရှိတယ်၊ ဘေးမှာလည်း ကမ်းရှိတယ်၊ တစ်ဖက်ကလည်း စကြဝဠာတောင်ရှိတယ်ဆိုတော့ ပင်လယ်က အပိုင်းအခြားရှိသေးတယ်၊ မြတ်စွာဘုရားရှင် ဟောကြားထားတဲ့ အနန္တနယ အဆုံးအပိုင်းအခြားမရှိတဲ့နည်းနဲ့ ပြည့်စုံတဲ့ သမန္တပဋ္ဌာန်းကျမ်းကြီး ဆိုတာကတော့ အပိုင်းအခြား မရှိလောက်အောင်ဘဲ အင်မတန် ကျယ်ဝန်းပါကလား" ဟု ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်ပြီးနောက် ဖြစ်ပေါ်လာသည့် နာမ်ရုပ်တရားများကို ဝိပဿနာရှုရင်း ပင်လယ်ထဲတွင် ခရီးသွားနေစဉ် သင်္ဘောပေါ်တွင်ပင် ထိုမထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပါသည်။

သီတင်းကျွတ်လပြည့်နေ့၏ ထူးကဲခြင်းသည်ကား မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ခြင်းဖြစ်ပြီး အနှစ်သာရသည်ကား သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည့် အဘိဓမ္မာခုနစ်ကျမ်းတွင် တိုင်းတာနှိုင်းစာ၍မရနိုင်အောင် ကျယ်ဝန်းနက်နဲသိမ်မွေ့လှသည့် ပဋ္ဌာန်းဒေသနာတော်ကို အာရုံပြု ပွားများဆင်ခြင်ခြင်းဖြင့် နိဗ္ဗာန်ချမ်းသာလမ်းသို့ပင် တက်လှမ်းနိုင်ပါစေကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ပုသိမ်မြို့ )
၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ (၃၊ ၄၊ ၅)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)နေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ပုသိမ်တက္ကသိုလ်၊ ပုသိမ်မြို့

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## တရားမ အထွေထွေလျှောက်ထားမှုလေးမှု စီရင်ချက်ချမှတ်၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်း တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် စာပေဆိုင်ရာပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်

**တောင်ကြီး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့၏ အထင်ကရတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲများကို နိုဝင်ဘာ ၁၄ ရက်မှ၂၃ ရက်အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ထူးခြားမှုတစ်ခုအနေဖြင့် စာပေဆိုင်ရာ ပြိုင်ပွဲများကိုလည်း ထည့်သွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထင်ကရ ပွဲတော်တစ်ရပ်ဖြစ်သည်နှင့်အညီ ပွဲတော်နှင့်ပတ်သက်သည့် သမိုင်းဆိုင်ရာ အထောက်အထားများ သိရှိနိုင်စေရန်နှင့် စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုနှစ်တန်ဆောင်တိုင်ပွဲတော်တွင် စာပေနှင့်သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုရှည်၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲတို့ကို ခေါင်းစဉ်တစ်ခုချင်းစီအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။ စာမူများကို နိုဝင်ဘာ ၅ ရက်အထိ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လည်းကောင်း၊ mja.shan18@gmail.com သို့လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ပေးပို့ပြိုင်ပွဲဝင်နိုင်ပြီး ဆုရစာမူရှင်များကို နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၂၂၀၀၀ - ၁၀၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၀၂၂၀၀၀ - ၁၀၂၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၁၀၈၀/၁၀၉၅ ကျပ်၊ |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀/၁၁၁၅ ကျပ်၊ |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၄၀/၁၀၆၅ ကျပ်၊ |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၉၀/၁၁၁၀ ကျပ်၊ |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၅၅/၁၀၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၇၅/၁၀၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၇၅/၁၀၁၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၄.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၃၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၂၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၂.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၀၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၄.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

**❒ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ**

ကျင်းပခဲ့သည့် ARMY Games 2018 တွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အိန္ဒိယသမုဒ္ဒရာနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေမှုအခြေအနေများနှင့် အစိုးရနှင့် တပ်မတော်မှ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် ဘင်္ဂါလီလူမျိုးများ ပြန်လည်နေထိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr.Vijay Gokhale အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# နိုင်ငံရေးပါတီ ၂၇ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာပါတီများသို့ အကြောင်းကြား

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံရေးပါတီ ၂၇ ပါတီသည် စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့၌ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်အဖြစ် လက်ရှိအစိုးရတာဝန်ရှိသူများက ပြည်သူလူထု၏ လက်တွေ့ဘဝတွင် စီးပွားရေးကျဆင်းခဲ့မှုနှင့်အတူ ယင်းနှင့်ဆက်စပ်၍ လူမှုဘဝ မလုံခြုံမှုများလည်း ဖြစ်ပေါ်ခံစားနေရသဖြင့် ယခုထက်ပိုမိုတည်ငြိမ်အေးချမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး လက်တွေ့ပါသည့် ရလဒ်များဖြစ်ပေါ်အောင် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးပါရန် ပူးတွဲသဘောထားကြေညာချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

ထိုသို့နိုင်ငံရေးပါတီ ၂၇ ပါတီ ပူးတွဲသဘောထားကြေညာချက်ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်ထုတ်ပြန်ရာတွင် ပါဝင်ခဲ့သည့် လမ်းပြကြယ်ပါတီအနေဖြင့် ယင်းပါတီ၏ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များက သိရှိခဲ့ခြင်း မရှိကြောင်း၊ အထက်အပိုဒ်(၁)ပါ သဘောထားထုတ်ပြန်ကြေညာချက်သည် လမ်းပြကြယ်ပါတီနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ လမ်းပြကြယ်ပါတီသည် တစ်ဦးတစ်ယောက်တည်းအတွက် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်သည့်အတွက် ပါတီ၏မူဝါဒနှင့် စည်းကမ်းချက်များကို ကျော်လွန်၍ လုပ်ဆောင်နေသော ပါတီဝင်အား ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ပါတီမှအရေးယူ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း လမ်းပြကြယ်ပါတီ ဗဟိုကော်မတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့သည်။

ထို့အတူ မဟာမိတ်တောင်သူလယ်သမားပါတီကလည်း ပါတီဥက္ကဋ္ဌ ဦးဆန်းလင်းသည် နိုင်ငံရေးပါတီ ၂၇ ပါတီ၏ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်ရာ၌ ပါတီတွင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး တစ်ရပ်ပြုလုပ်ပြီး သဘောတူညီချက်ရယူ ဆောင်ရွက်ခဲ့ခြင်း မရှိဘဲ ၎င်းတစ်ဦးတည်း၏သဘောဆန္ဒအရ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သဖြင့် ပါတီ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မသက်ဆိုင်ပါကြောင်း၊ ထိုလုပ်ဆောင်ချက်ကိုလည်း ပါတီမှအသိအမှတ်မပြု ကန့်ကွက်ပါကြောင်း တင်ပြခဲ့သည်။

အထက်ဖော်ပြပါ အပိုဒ်(၂)နှင့် (၃) ပါ တင်ပြစာများအရ ပါတီများစုပေါင်း၍ ပူးတွဲသဘောထားကြေညာချက်ထုတ်ပြန်ရာတွင် ပါတီတစ်ခုချင်းအနေဖြင့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ သဘောတူညီချက် မပါရှိဘဲ ပါတီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးတည်း၏သဘောဖြင့် ပါဝင်ဆောင်ရွက်နေကြောင်း။

သို့ဖြစ်ပါ၍ ပူးတွဲသဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့သည့် ပါတီများအနေဖြင့် သက်ဆိုင်ရာ ပါတီအသီးသီးမှ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ကြိုတင်သဘောတူညီဆုံးဖြတ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိနှင့် သဘောတူညီမှုရှိပါက သဘောတူ ဆုံးဖြတ်ခဲ့သည့် အစည်းအဝေးမှတ်တမ်းတို့ကိုလည်းကောင်း၊ သဘောတူဆုံးဖြတ်ချက်မရှိခဲ့လျှင် မရှိကြောင်းကိုလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုဝင်ဘာ ၁ ရက်နေ့အရောက် ပြန်လည်တင်ပြရန် အကြောင်းကြားထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

**သတင်းစဉ်**



**ဗိုလ်ချုပ်လမ်းမတစ်လျှောက်ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး၌ ရောင်စုံအလှမီးများ ထွန်းညှိချိတ်ဆွဲထားသည်ကို အောက်တိုဘာ ၂၂ ရက် ညပိုင်းက တွေ့ရစဉ်။** စိုးမြင့်အောင်



**သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပမည့် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံကို တွေ့ရစဉ်။** ဓာတ်ပုံ-အောင်မြင့်(ပြန်/ဆက်)

**❖ ရွှေဖုံးမှ**

၎င်းက ဆက်လက်၍ “လျှော်ကားဉယျာဉ်ကို ပြည်သူတွေအနေနဲ့ စိတ်ဝင်စားစေချင်တာလည်းပါတယ်။ ဉယျာဉ်ထဲမှာ သဘာဝအတိုင်း လွတ်ကျောင်းထားတဲ့ တိရစ္ဆာန်လေးတွေကိုလည်း ကိုယ်တိုင်ကြည့်ရှုနိုင်ပြီးတော့ တောတောင်ရေမြေသဘာဝအလှအပကိုလည်း ကြည့်ရှုခံစားနိုင်မယ်။ မြို့နေလူထုတွေ အားလပ်ရက်မှာ စိတ်လွတ်လွတ်လပ်လပ်နဲ့ သဘာဝကို ခံစားပြီး စိတ်အပန်းဖြေနိုင်ဖို့ ရည်ရွယ်ပါတယ်”ဟု ပြောသည်။

သီတင်းကျွတ်ပွဲတော်သို့ လာရောက်အပန်းဖြေမည့် ပြည်သူများအတွက် ဉယျာဉ်ဝင်ကြေးမှာ လူကြီး ငွေကျပ် ၁၀၀၀၊ ကလေး ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားများအား လူကြီး ငွေကျပ် ၅၀၀၀၊ ကလေး ငွေကျပ် ၃၀၀၀ ပုံမှန်နှုန်းထားဖြင့်သာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း တေးသံရှင် ရွှေဖြူနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်သည့် စိန်ဝင်းထွန်း၊ ဗညားဟန်၊ ရဲရင့်အောင်၊ စိမ်းမို့မို့၊ စိမ့်နေခြည်၊ ဗီဗာဟိန်း အစရှိသည့် အနုပညာရှင်များ ဖျော်ဖြေမည်ဖြစ်ပြီး ဟာသလူရွှင်တော် စပ်ဖြဲ၊ မြို့တော်ချစ်စံတို့က ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ထို့ပြင် အောက်တိုဘာ ၂၅ ရက်တွင် ၂၀၁၀ ခုနှစ် Melody World ဆုရှင် ဖြိုးပြည့်စုံက အထူးဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှော်ကားသဘာဝဉယျာဉ်သည် ရန်ကုန်မြို့နှင့် ၂၁ မိုင်ခန့်အကွာတွင် တည်ရှိပြီး ဧက ၁၅၄၀ ကျယ်ဝန်းကာ တိရစ္ဆာန်ဉယျာဉ်ငယ်နှင့် ဆာဖာရီဉယျာဉ်ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းထားကြောင်းနှင့် လျှော်ကားသဘာဝဉယျာဉ်သို့ တစ်လလျှင် အပန်းဖြေလာရောက်သူဦးရေ ငါးသောင်းခွဲနှင့် ခြောက်သောင်းကြားရှိကြောင်း လျှော်ကားသဘာဝဉယျာဉ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**သီသီမင်း**

**❖ မရမ်းကုန်းမြို့နယ်မှ**

ရေဝင်ရောက်လာသဖြင့် ဒေသခံသက်ကြီးရွယ်အိုကလေးသူငယ်များအား ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံ ဖြစ်ပေါ်နေသောနေရာများသို့ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်-၂ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ကွင်းဆင်းကြီးကြပ်၍ ဖြည့်စွက်လမ်းညွှန်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းမုဒိတာအိမ်ရာအနီးရှိ ရွှေရောင်သမိုင်းအရေးပေါ် ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်း(ERSSDO) ဥက္ကဋ္ဌ ဦးဖွဲ့ရန်နိုင်က “ဒီကနေ့ မနက် ၆ နာရီခွဲခန့်မှာ ရပ်ကွက်ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးက မရမ်းကုန်း(၅) ရပ်ကွက်မှာ မြောင်းတွေရေလျှံလို့ ပြောင်းရွှေ့ဖို့လိုနေတယ်ဆိုပြီး အသင်းရုံးကို ဖုန်းဝင်လာပါတယ်။”

“လူနာတင်ယာဉ်တစ်စီး၊ အသင်းဝင် ၁၁ ဦးနဲ့ အခင်းဖြစ်တဲ့နေရာကို ကျွန်တော်တို့ရောက်သွားပါတယ်။ အမှန်လည်း လိုအပ်နေတာတွေ့တော့ မြို့နယ်အတွင်း သက်ဆိုင်ရာ လူကြီးမင်းများထံ ဆက်သွယ်အကြောင်းကြားခဲ့ပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်အားလုံးလည်း ရောက်ရှိလာကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ (YRO) ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးလည်း ကွန်ရက်အဖွဲ့ဝင်အသင်းနဲ့အတူ ပရဟိတမိတ်ဖွဲ့အသင်းတွေနဲ့ ရောက်လာကြပါတယ်။ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီး ဒေသခံပြည်သူတွေရဲ့ သဘောထားအရ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေကို ဦးစားပေး ရွှေ့ပြောင်းပေးခဲ့ကြပါတယ်။ နောက်ပြီး ရေးဦးကျန်းမာရေးစောင့်ရှောက်မှုကိုလည်း လုပ်ဆောင်ပေးခဲ့ပါတယ်။ အသေအပျောက် ထိခိုက်ဒဏ်ရာရတာ မရှိပါဘူး။ ခုတော့ သက်ဆိုင်ရာ လူကြီးတွေရဲ့ စီစဉ်ပေးမှုနဲ့ ရပ်ကွက်ဓမ္မာရုံမှာ ကယ်ဆယ်ရေးစခန်း ဖွင့်ထားပါတယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကျိုက်ထို အောက်တိုဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကျိုက်ထိုမြို့နယ်အတွင်း အောက်တိုဘာ ၂၀ ရက်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကဒိုင်ဒွတ်ကျေးရွာနှင့် ဖက္ကလိပ်ကျေးရွာများမှ ပျက်စီးခဲ့သည့် လူနေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးသို့ သွားရောက်စစ်ဆေး

**ပုသိမ် အောက်တိုဘာ ၂၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ယနေ့နံနက် ၈ နာရီတွင် ပုသိမ်မြို့ အမှတ်(၁၃) ရုံးရပ်ကွက် (မြက်တို)ရှိ ဆောက်လုပ်ပြီးစီးခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ဌာနမှဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်နှင့်အညီ တိုင်းရင်းသားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမကြာမီဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်အခမ်းအနားများကျင်းပနိုင်ရေးနှင့် အဆိုပါအခမ်းအနားများတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ယခုဆောက်လုပ်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ၃၄၁ ဒသမ ၉၆ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၅)မှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးအဖြစ် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၉၂၁ သန်း စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၄၂၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေ ရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေ ရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၁၃၀ . ၀၀၀ * | ၁ | ၄၄ . ၁၁၀ |
| (ခ) | စက်မှုကဏ္ဍ | ၈ | ၁၁၃ . ၅၇၆ * | ၁၃ | ၂၀၀ . ၀၃၄ * |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - | ၁ | ၉၂ . ၆၈၀ |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၁၇၀ . ၂၀၀ | ၁ | ၈၄ . ၈၀၀ * |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၀ . ၂၇၁ | - | - |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁ | ၇ . ၈၇၄ * | ၁ | ၁၄ . ၅၆၇ * |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၅ . ၀၀၀ | ၃ | ၉ . ၂၃၈ * |
| | **စုစုပေါင်း** | **၁၂** | **၄၃၆ • ၉၂၁** | **၂၀** | **၄၅၅ • ၄၂၉** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုးကျပ် ၈၃၂၈၈ ဒသမ ၇၃၀ သန်းနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၉၈၉၂၉ ဒသမ ၄၅၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေ ရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေ ရင်းပမာဏ ကျပ် (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၅၀၀၀ . ၀၀၀ |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၄၉၀ . ၄၂၂ | - | - |
| (ဂ) | စက်မှုကဏ္ဍ | ၃ | ၇၆၄၁ . ၅၉၈ | ၅ | ၈၂၂၆ . ၁၀၅ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၄ | ၅၉၆၃၂ . ၂၆၀ | ၄ | ၁၃၀၄၀ . ၀၀၀ |
| (င) | လျှပ်စစ်ဓာတ်အား | - | - | ၁ | ၉၅၆၉ . ၃၁၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၃၅၂၄ . ၄၅၀ | ၂၀ | ၆၃၀၉၄ . ၀၄၂ |
| | **စုစုပေါင်း** | **၉** | **၈၃၂၈၈ • ၇၃၀** | **၃၁** | **၉၈၉၂၉ • ၄၅၇** |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဩဂုတ်အတွင်း | စက်တင်ဘာအတွင်း |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁၇၆ | ၁၄၂ |
| (ခ) | စက်မှုကဏ္ဍ | ၁၄၁၁ | ၇၂၁၃ |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | ၃၆ |
| (ဃ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၁၄၈ |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၅ | - |
| (စ) | အိမ်ရာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၂၀၂၂ | ၁၃၅ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၈ | ၁၂၂ |
| | **စုစုပေါင်း** | **၃၆၈၂** | **၇၇၉၆** |

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဩဂုတ်အတွင်း | စက်တင်ဘာအတွင်း |
| (က) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | ၂၀ |
| (ခ) | စက်မှုကဏ္ဍ | ၂၃၈ | ၈၇၉ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃၇၁ | ၂၈၅ |
| (ဃ) | အိမ်ရာနှင့် အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၈ | - |
| (င) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | - | ၈၉ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၆၇ | ၆၆၉ |
| | **စုစုပေါင်း** | **၇၉၄** | **၁၉၄၂** |

**သတင်းစဉ်**

# မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေး

■ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ သုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ကူညီထောက်ပံ့မှုများပေးရေး၊ ကောင်းမွန်သည့်လူမှုဘဝသို့ ပြန်လည်ရောက်ရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးတို့အတွက် မူးယစ်ဗဟိုမှ တိုက်ရိုက်ကြီးကြပ်သော လူငယ်များပြုစုပျိုးထောင်ရေးစခန်း (၃)ခုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးကြပ်သော ပြန်လည်ထူထောင်ရေးစခန်း (၉)ခုတို့ကို ဖွင့်လှစ်ပြီး စီမံဆောင်ရွက်လျက်ရှိပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းကို ကယားပြည်နယ်မှစတင်၍ ကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် စိတ်စေတနာအပြည့်ဖြင့် ဝါယမစိုက်ထုတ်ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကယားပြည်နယ်၏ ကျန်းမာရေးကဏ္ဍသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်နေရပါကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲကာ တက်ညီလက်ညီစွာဖြင့် ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ် ဆရာဝန်များသို့ Mobile Tablet ဖြန့်ဝေခြင်းသည် အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ ပြည်သူ့ကျန်းမာရေးစွမ်းရည်များ တိုးတက်မြင့်မားစေရန်၊ ပြည်သူများကို ကျန်းမာရေး အသိပညာပေးရာ၌ ပိုမိုထိရောက်စေရန်နှင့် ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းနေရာမှ ဆောင်ရွက်လျက်ရှိသော မြို့နယ်၊ တိုက်နယ်ဆရာဝန်များ၏ ရောဂါကုသရေး စွမ်းရည်များ တိုးတက်မြင့်မားစေရန် ဖြစ်ပါကြောင်း။

ရှေ့လာမည့်နှစ်များတွင် ဆေးပညာရပ်စဉ်ဆက်မပြတ် သင်ကြားရေးနှင့် ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် Mobile Tablet များကို အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ပေးသော Mobile Tablet များတွင် ဝန်ကြီးဌာနမှ ထုတ်ဝေထားသော လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲစာအုပ်များ၊ စာအုပ်စာတမ်းများ၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ အစရှိသည့် စာအုပ်စာတမ်းများ ၁၂၀ ကျော် ပါဝင်ပြီး မြို့နယ်၊ တိုက်နယ် ဆရာဝန်များအတွက် ဖြန့်ဝေမည့် Mobile Tablet များတွင် ကုသရေးဆိုင်ရာ ခေတ်မီနောက်ဆုံးပေါ် စံကုထုံးများ၊ လက်စွဲစာအုပ်များ၊ မှီငြမ်းရမည့် စာအုပ်များ စသည့် စာအုပ်စာတမ်းများ ၄၀၀ ကျော် ပါဝင်ကြောင်း၊ ပါဝင်သည့်လုပ်ငန်းလမ်းညွှန်မှစ၍ စာအုပ်စာတမ်းများအားလုံးကို ခေတ်မီနည်းပညာဖြင့် ဗဟိုမှနေ၍ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်း၊ ပြင်ဆင်ခြင်းနှင့် ထပ်မံထည့်သွင်းခြင်းများကို ပြုလုပ်မည်ဖြစ်ပါကြောင်း။

၎င်း Mobile Tablet များသည် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကပ်ရောဂါအသွင်ဖြင့် ရောဂါများဖြစ်ပွားသောအခါများတွင် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရန် အချက်များကို အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားနိုင်မည်ဖြစ်သဖြင့် ရောဂါများကို အချိန်အနည်းငယ်အတွင်း နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း၊ မြို့နယ်၊ တိုက်နယ်များတွင်လည်း ပိုမိုအရည်အသွေး ပြည့်ဝသောကုသမှုများ ပေးနိုင်ခြင်းဖြင့် ပြည်သူများအနေဖြင့် အလှမ်းဝေးကွာသော မြို့ကြီးများရှိ ဆေးရုံကြီးများသို့ သွားရောက်ကုသမှုခံယူရန် လိုအပ်မှုနည်းပါးလာမည်ဖြစ်ကြောင်း။

Mobile Tablet များကို အသုံးပြု၍ အင်တာနက်ကွန်ရက်မှတစ်ဆင့် သက်ဆိုင်ရာဆေးပညာရပ် ပါမောက္ခများနှင့် ဆေးပညာရှင်ကြီးများ၏ ဟောပြောပို့ချမှုများကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုများမကူးစက်နိုင်သောရောဂါများအပါအဝင် ကျန်းမာရေးအသိပညာကြွယ်ဝစေရန် Mobile Tablet များကိုအသုံးပြု၍ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် ကျန်းမာရေးစကားဝိုင်းငယ်များပြုလုပ်၍ ပြည်သူများနှင့် အပြန်အလှန် ဆွေးနွေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် Mobile Tablet များကို အသုံးပြု၍ အဝေးမှ ဆေးပညာသင်ကြားခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ကုသမှုပေးခြင်းတို့ကိုပါ လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

Mobile Tablet ၁၃၄၇၇ လုံးကို နိုင်ငံတော်မှ ခွင့်ပြုဘဏ္ဍာငွေဖြင့်ဝယ်ယူထားရှိခဲ့ပြီး ပုဂ္ဂလိကအဖွဲ့အစည်းများက အလုံး ၆၅၀ လှူဒါန်းခဲ့ကာ GAVI အဖွဲ့အစည်း၏ ထောက်ပံ့ငွေဖြင့် အလုံး ၁၄၀၀၀ ကိုလည်း ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း၊ Mobile Tablet များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ရင်းနှီးမှုပမာဏထက် အဆပေါင်းများစွာသော ကျန်းမာရေးဆိုင်ရာ အကျိုးအမြတ်များ ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးတို့ထံ Mobile Tablet များ ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော အကြီးအကဲများက လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁)နှင့် (၂)များ စုစုပေါင်း အခြေခံကျန်းမာရေးဝန်ထမ်း ၄၁၉ ဦးနှင့် မြို့နယ်၊ တိုက်နယ် ဆရာဝန် ၁၇ ဦးထံသို့ Mobile Tablet များ ဖြန့်ဝေပေးခဲ့သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း Mobile Tablet များ ဆက်လက်၍ ဖြန့်ဝေသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးစိန်က Mobile Tablet များတွင် ပါဝင်သော စာအုပ်စာတမ်းများနှင့် အသုံးချဆော့ဝဲလ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးသံတမန် မမာရီကိုးလ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန် ဒေါက်တာစိုးညီညီထွန်းတို့က Mobile Tablet များအား မိတ်ဆက်ပြောကြားခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မိတ်ဆက်သရုပ်ပြခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဝါကျွတ်ချိန်ခါဦး

- ဝါလလွတ်ကင်း ကျွတ်သီတင်း ကြာမျိုးငါးမည်သင်း။
- နက္ခတ်ကြယ်မင်း အာသာဝတီ ရွှန်းပယုဂန်ဆီ။
- တူရာသီ အခါမြတ် နင်းရည်ရစ်သိုင်းပတ်။
- ဗုဒ္ဓရှင်မြတ် သတ္တမ "ဝါ" နတ်တို့ဝတီသာ။
- အဘိဓမ္မာအမိနတ် ဟောပြကျေးဇူးဆပ်။
- ဒေသနာမြတ် ပြီးမြောက်ကာ ဝါကျွတ်ဒီချိန်ခါ။
- အောက်လူ့ရွာ သက်သဃ ပြန်လည်ဆင်းသက်ကြွ။
- ရောင်စုံမီးလှ နီပြာဝါ ဆီမီးထွန်းညှိကာ။
- ရောင်တော်ကွန့်မြူ ရှင်ဗုဒ္ဓ မျှော်ရည်ဦးခိုက်ကြ။
- ရပ်ရွာလောက မြန်တစ်ခွင် ပျော်ပွဲစုံစုံလင်။
- ပါဝင်ပျော်မြူး စိတ်ကြည်နူး ဝါကျွတ်ချိန်ခါဦး။ ။

ဝေနေယျသတ္တဝါအနန္တ၊ ဝါကျွတ်ကာလ ကောင်းမြတ်သော အခါသမယတွင် ရတနာသုံးပါးကို ဦးထိပ်ထားလျက် မိဘကျေးဇူးဆပ်နိုင်ကြပါစေ။

**မငွေးဝင်း(ခရမ်းမြေ)**

# မှတ်ပုံတင်မဲ့သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးဆိုင်ကယ်များအား အခွန်ပေးဆောင်စေလျက် မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း

ယခင်က ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄ ခုနှစ်များတွင် နိုင်ငံတော်အတွင်းရှိ မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်များကို One Stop Service စီမံချက် ပြုလုပ်ပြီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်များကို စီးနင်းအသုံးပြုနေကြကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုသို့အသုံးပြုနေခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် ယာဉ်တိုက်မှုနှင့် ရာဇဝတ်မှုခင်းဖြစ်စဉ်များ၌ စိစစ်ဖော်ထုတ်ရန် ခက်ခဲခြင်း၊ Road Safety နှင့်ပတ်သက်၍ စနစ်တကျ ကြီးကြပ်ရန်ခက်ခဲခြင်းတို့ကြောင့် ယင်းတို့ကိုမှတ်ပုံတင်ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။ သို့ပါ၍ မှတ်ပုံတင်မဲ့သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးမော်တော်ဆိုင်ကယ်များအား OSS စီမံချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စီမံချက်ကာလ ၁-၁၁-၂၀၁၈ ရက်မှ ၂၃-၁၁-၂၀၁၈ ရက်အထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးစိုက်ရာ ၄၉ ရုံးတွင် ဆောင်ရွက်ပေးပါမည်။ ရုံးပိတ်ရက် စနေနေ့တွင် Mobile Team အဖွဲ့များနှင့် အချက်အချာကျသော မြို့ ၃၉ မြို့တွင် နယ်လှည့်ဆောင်ရွက်ပေးပါမည်။

မှတ်ပုံတင်ဆောင်ရွက်ရာတွင် အကောက်ခွန်နှုန်းထားများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကောက်ခံမည့် မှတ်ပုံတင်နှုန်းထားများ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ပေးသွင်းရမည့်နှုန်းထားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် အသိပေးကြေညာဆောင်ရွက်ပေးထားမည် ဖြစ်ပါသည်။

မှတ်ပုံတင်လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

စီမံချက်တွင် Model Year ခုနှစ်ပုံစံ ၂၀၀၈ ခုနှစ်နှင့်အထက်ကိုသာ ဆောင်ရွက်ပေးပါမည်။ အိုမင်းဟောင်းနွမ်း၍ Road Safety မဖြစ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ၊ လူစီးသုံးဘီးမော်တော်ယာဉ်များ၊ ဒေသအစီအစဉ်ဖြင့်တပ်ဆင်ထားသော ဆိုင်ကယ်ဘေးတွဲများ၊ တောတွင်းနှင့် ကမ်းစပ်တွင် အသုံးပြုသော လေးဘီးပါမော်တော်ဆိုင်ကယ်များ၊ မှတ်ပုံတင်ထားပြီး သက်တမ်းငါးနှစ်ကျော် နှစ်ပြတ်နေသော သုံးဘီးမော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးမည်မဟုတ်ပါ။

နောင်တွင် မှတ်ပုံတင်မဲ့ယာဉ်များကိုအသုံးပြုပါက ယခုကဲ့သို့ OSS စနစ်ဖြင့် မှတ်ပုံတင်ပေးတော့မည်မဟုတ်ဘဲ ဥပဒေအရ ယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်း၍ အရေးယူခံရမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# စာတတ်သူတိုင်း စာဖတ်ရေး အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

"စာတတ်သူတိုင်း စာဖတ်ရေး" ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး လူထုလှုံ့ဆော်မှုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ အသိပညာဖြန့်ဝေခြင်းနှင့် ဖျော်ဖြေခြင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတရရှိနိုင်ရန်အတွက် အမြော်အမြင်ရှိသူများက "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဆောင်ပုဒ်ဖြင့် စာပေဗိမာန်ကို တည်ထောင်ခဲ့ခြင်းဖြစ်ရာ မိမိတို့ကလည်း ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေဆိုင်ရာလှုပ်ရှားမှုများဖြစ်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ စာပေစကားဝိုင်းနှင့် စာအုပ်စာပေရောင်းချသည့် စာအုပ်လမ်းတို့အပြင် စာပေပွဲတော်များလည်း စီစဉ်ကျင်းပလျက်ရှိပါကြောင်း၊ ကလေးစာပေပွဲတော်ကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့်ပူးပေါင်း၍ ကျင်းပလျက်ရှိပါကြောင်း၊ ကလေးများကို စာအုပ်စာပေနှင့် ထိတွေ့စေပြီး စာဖတ်ဝါသနာ ပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း၊ ကလေးများ စာပေပွဲတော်လာရောက်ချိန်တွင် ပျော်ရွှင်စေရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များ၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပစဉ် စာပေဖတ်ရှုမှုအပြင် တီထွင်ဖန်တီးမှုကိုလည်း အားပေးဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည်လည်း စာပေဝါသနာပါပြီး စာအုပ်စာပေချစ်မြတ်နိုးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များတွင် စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရွေ့လျားစာကြည့်တိုက်ကို ထည့်သွင်းပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာနများတွင် ကွန်ပျူတာသင်ကြားမှုနှင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

"စာဖတ်သူတိုင်း စာဖတ်ရေး" ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအစီအစဉ်ကို နေပြည်တော်မှ အခြေပြု၍ နိုင်ငံတစ်ဝန်းတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အဓိကနေရာမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပရာတွင် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကျင်းပမှုများအပြင် စာအုပ်စာပေနှင့် ပတ်သက်သည့် ပြခန်းများစုံလင်စွာဖြင့် ခင်းကျင်းပြသနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကလေးစာပေပွဲတော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များ ကျင်းပမှုတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ စာတတ်သူတိုင်း စာဖတ်ရန်လိုအပ်ပြီး စာဖတ်သည့်ယဉ်ကျေးမှုဓလေ့ ထွန်းကားမှသာ နိုင်ငံနှင့်လူမျိုး အောင်မြင်တိုးတက်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်း ၂၀ တွင် ရှေ့ပြေးစီမံချက်အနေဖြင့် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေပါကြောင်း၊ ယခုကျင်းပသည့် "စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနားကျင်းပမည့် ရည်ရွယ်ချက်၊ ကျင်းပမည့်နေရာ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများနှင့် ဆုပေးပွဲများ၊ ခင်းကျင်းပြသမည့်ပြခန်းများ၊ စာအုပ်ဈေးရောင်းပွဲတော်ပြုလုပ်မည့် အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စောနန်းနွယ်၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အတွင်းရေးမှူး ဒေါက်တာခင်လေးစိုးနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးမောင်မောင်ဦး (စာရေးဆရာဟိန်းလတ်)တို့က စာတတ်သူတိုင်း စာဖတ်ရေးအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

"စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးနှင့် "စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်စေရေးအတွက် နှိုးဆော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တို့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)တွင် ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားနှင့်အတူ ဝန်ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုကောင်းမွန်သည့် စာကြည့်တိုက်များကို ဆုချီးမြှင့်မှုများ၊ စာပေဆိုင်ရာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ၊ အသိပညာပေးပြခန်းများ၊ ရှေးဟောင်းပေစာများ၊ ရွှေပေလွှာနှင့် ပုရပိုက်များ၊ ကျောက်စာများ၊ ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်လာသည့် စာပေဆိုင်ရာများ၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမော်ကွန်းတိုက်များမှ ရှေးဟောင်းစာရွက်၊ စာတမ်းများ၊ စာအုပ်စာပေ ထိန်းသိမ်းဆောင်ရွက်နေမှုများ စသည့် စာပေဆိုင်ရာပြခန်းများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်း ဖောင်ဒေးရှင်းတို့၏ နယ်လှည့်စာကြည့်တိုက်ပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး စာတတ်သူတိုင်း စာဖတ်ရေး အခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် ဆွေးနွေးပြောကြားစဉ်။

# အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပေါ်နေသည့် လွဲချော်မှုနှင့်အခက်အခဲများ ပေါင်းစပ်ညှိနှိုင်းပေး

**တာချီလိတ် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံသား ဆောက်လုပ်ရေးတာဝန်ခံ တစ်ဦး ဦးစီးလုပ်ကိုင်နေသည့် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်းမိုင်ရွာရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုတွင် အလုပ်လုပ်ကိုင်နေကြသည့် ကိုချစ်ထွေးနှင့် အလုပ်သမား ၁၆ ဦးတို့အား ပေးချေရန်ရှိသည့် လုပ်အားခများကို ဆောက်လုပ်ရေးတာဝန်ခံက ဇူလိုင်လမှစတင်၍ မပေးချေသည့်အတွက် အလုပ်သမားများမှာ စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေသဖြင့် လုပ်အားခများ ရရှိရေးကူညီဆောင်ရွက်ပေးပါရန် အောက်တိုဘာ ၁၈ ရက်က တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့်စေ့စပ်ညှိနှိုင်းရေးကော်မတီ CNCMC သို့ လာရောက် အကူအညီတောင်းခံခဲ့ကြသည်။

မြန်မာအလုပ်သမားများ လုပ်အားခရရှိရေးအတွက် CNCMC လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် ကော်မတီဝင်များသည် သက်ဆိုင်ရာဌာနများ နှင့်ပေါင်းစပ်ညှိနှိုင်းကာ ယင်းနေ့တွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပြီး ဆောက်လုပ်ရေးတာဝန်ခံနှင့် ဆောက်လုပ်ရေး အလုပ်သမားတို့အကြား ဖြစ်ပေါ်နေသော လွဲချော်မှုနှင့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ရာ အလုပ်သမားများ ရရန်ရှိသည့် လုပ်အားခထိုင်းဘတ်ငွေ ၆၉၂၀၅ အား အောက်တိုဘာ ၂၂ ရက်တွင် ဆောက်လုပ်ရေးတာဝန်ခံက ပေးချေရန် သဘောတူညီမှုရရှိခဲ့သည်။



အဆိုပါ သဘောတူညီချက်အရ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနများမှ တာဝန်ရှိသူများသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပေးချေရန်ရှိသည့် ငွေကြေးစာရင်းအား စနစ်တကျပြုစုပေးပြီး မွန်းလွဲ ၂ နာရီတွင် ထိုင်းနိုင်ငံသား ဆောက်လုပ်ရေးတာဝန်ခံ Mr.Surasit နှင့် အလုပ်သမားများ တွေ့ဆုံကာ ကိုချစ်ထွေးပါ အလုပ်သမား ၁၇ ဦး ရရန်ရှိသော လုပ်အားခများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်မင်းသူနှင့်အဖွဲ့က အလုပ်သမားတစ်ဦးချင်းအလိုက် လုပ်အားခများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**




# မွေးရာပါနှလုံးရောဂါ ကလေးလူနာများ ခွဲစိတ်ကုသမှုခံယူရန် ကူမင်းမြို့သို့ နောက်ဆုံးအသုတ်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေး၊ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ကုသိုလ်ဖြစ်အဖွဲ့ချုပ်တို့၏ စီစဉ်မှုဖြင့် မွေးရာပါနှလုံးရောဂါကလေးသူငယ်များအား အခမဲ့ ခွဲစိတ်ပေးခြင်းအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီလအတွင်းက ကလေးသူငယ် ၁၂ ဦးကို ပေကျင်းမြို့ရှိ An Zhen ဆေးရုံကြီး၌ ခွဲစိတ်ကုသပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ဒုတိယအသုတ်အဖြစ် ကလေးသူငယ် ၁၀ ဦးကို ကူမင်းမြို့ရှိ Fuwai Yannan Cardiovascular Hospital သို့ ကုသမှုခံယူရန် ထွက်ခွာခဲ့သည်။

ဒုတိယအသုတ်မှ ကျန်ရှိသည့် ကလေးငါးဦးနှင့် အုပ်ထိန်းသူ ငါးဦး၊ ကျန်းမာရေးစောင့်ရှောက်မှု ကြီးကြပ်ဆောင်ရွက်ပေးရန် ရန်ကင်းကလေးဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာ ကေခိုင်နှင့် သူနာပြုအုပ်ဒေါ်လဲ့လဲ့ဝင်းတို့ ပါဝင်သော ၁၂ ဦးအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ China Eastern လေကြောင်းလိုင်းဖြင့် ထွက်ခွာသွားရာ ရန်ကင်းကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **ဌေးနိုင်**

# ပြတိုက်ဆိုင်ရာရည်ညွှန်းစာကြည့်တိုက်ခေတ်မီရေးနှင့် ရှင်သန်ရေး ပူးပေါင်းကြပါစို့

မာလာအောင်(ယဉ်ကျေးမှု)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ခိုင်မြဲစေရန်နှင့် ဆက်လက်ရှင်သန်စေရန် ဆောင်ရွက်နေသည့် အခန်းကဏ္ဍများအနက် တစ်ခန်း တစ်ကဏ္ဍအနေဖြင့် ပြတိုက်များ ဖွင့်လှစ်တည်ရှိနေခြင်းပင်ဖြစ်ပေသည်။ ပြတိုက်ဟုဆိုရာတွင် ပြသပစ္စည်းများကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်နှင့် ပြတိုက်ပစ္စည်းများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရာနေရာတစ်နေရာပင်ဖြစ်ပါသည်။ အထောက်အထားများဖြင့် သက်သေပြရာနေရာတစ်ခုဟူ၍လည်း ဆိုနိုင်ပါသည်။ ပြတိုက်များတွင် နိုင်ငံကိုယ်စားပြုသော အမျိုးသားပြတိုက်၊ တူးဖော်သည့်နေရာမှရရှိသော ရှေးဟောင်းပစ္စည်းများ ပြသရာ ရှေးဟောင်းသုတေသနပြတိုက်၊ လက်မှုအနုပညာပစ္စည်းများနှင့် ပန်းချီ၊ ပန်းပုတို့ပြသသည့် အနုပညာပြတိုက်၊ သိပ္ပံဆိုင်ရာပြတိုက်၊ အထိမ်းအမှတ်ပြတိုက်၊ ဇီသုကာပြတိုက်၊ ဘာသာရေးပြတိုက်၊ သမိုင်းပြတိုက်ဟူ၍ ပြတိုက်အမျိုးအစားများစွာရှိပါသည်။

တာဝန်ထမ်းဆောင်နေသူများ၊ လေ့လာသူများနှင့် သုတေသနပြုသူများဖြင့် ပြတိုက်ရပ်ဝန်းတစ်ခု တည်ရှိနေပါသည်။ အဆိုပါရပ်ဝန်းရှိ လူထုတို့အတွက် ပိုမိုလေ့လာနိုင်ရန်နှင့် ဗဟုသုတများကို ဝေငှပေးစွမ်းနိုင်စေရန်ရည်ရွယ်၍ ပြတိုက်နှင့်သက်ဆိုင်သည့် စာကြည့်တိုက်များကို ပူးတွဲဖွင့်လှစ်ထားတတ်ကြပါသည်။

## စာကြည့်တိုက်အမျိုးအစား

စာကြည့်တိုက်ဟုဆိုရာတွင်လည်း နိုင်ငံကိုကိုယ်စားပြုသော အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် သုတေသီများ အသုံးပြုသောတက္ကသိုလ်နှင့် ကောလိပ်စာကြည့်တိုက်၊ မူလတန်းမှ အထက်တန်းကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအသုံးပြုသော ကျောင်းစာကြည့်တိုက်၊ အလွှာပေါင်းစုံ အသက်အရွယ် အဆင့်အတန်း၊ လူမျိုးဘာသာပေါင်းစုံ ကန့်သတ်ထားခြင်းမရှိဘဲ လွတ်လပ်စွာလေ့လာနိုင်သည့် ပြည်သူ့စာကြည့်တိုက်နှင့် ဌာနတစ်ခုခုအတွက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ၊ သက်ဆိုင်ရာဘာသာရပ်တစ်ခုခုအတွက်ဖြစ်စေ ဦးစားပေးစုဆောင်းထားသော အထူးစာကြည့်တိုက်၊ ရည်ညွှန်းစာကြည့်တိုက်ဟူ၍ ယေဘုယျအနေဖြင့် စာကြည့်တိုက်အမျိုးအစား လေးမျိုးရှိပါသည်။

ပြတိုက်ဆိုင်ရာ ရည်ညွှန်းစာကြည့်တိုက်သည် ပြတိုက်၏ အမျိုးအစားကိုလိုက်၍ ဘာသာရပ်ဆိုင်ရာတစ်ခုခုကို ဦးစားပေးစုဆောင်းထားသောကြောင့် အထူးစာကြည့်တိုက်၊ ရည်ညွှန်းစာကြည့်တိုက်အမျိုးအစားထဲတွင် ပါဝင်ပါသည်။ ရည်ညွှန်းစာကြည့်တိုက်ဟုဆိုသည်နှင့်တစ်ပြိုင်နက်တည်း ရည်ညွှန်းလုပ်ငန်းများနှင့် ရည်ညွှန်းစာအုပ်များကိုလည်း သိရှိထားရမည်ဖြစ်ပါသည်။

ရည်ညွှန်းလုပ်ငန်းဆိုသည်မှာ စာဖတ်သူတို့ သိလိုသည့်အချက်များကို အချိန်တိုအတွင်း ရှာဖွေပေးရသည့် လုပ်ငန်းဖြစ်ပါသည်။ ရည်ညွှန်းလုပ်ငန်းအောင်မြင်မှုသည် ခေတ်မီရည်ညွှန်းစာအုပ်များပြည့်စုံမှုနှင့် ရည်ညွှန်းစာကြည့်တိုက်မှူး၏ လုပ်ငန်းကျွမ်းကျင်မှုတို့အပေါ်မူတည်ပါသည်။ သို့ဖြစ်၍ ရည်ညွှန်းစာကြည့်တိုက်သည် စာကြည့်တိုက်မှူးက ရည်ညွှန်းစာအုပ်များကို ပိုင်နိုင်စွာကိုင်ဆောင်၍ လာရောက်လေ့လာသူတို့အတွက် ဗဟုသုတများ ပေးစွမ်းနိုင်သောနေရာဖြစ်ပါသည်။

ရည်ညွှန်းစာအုပ်ဆိုရာတွင် လွယ်ကူစွာရှာဖွေနိုင်ရန် အက္ခရာစဉ်၊ သက္ကရာဇ်စဉ်၊ ပညာရပ် (သို့မဟုတ်)စနစ်တစ်မျိုးမျိုးကိုအသုံးပြုထားသည့် စာအုပ်အမျိုးအစားဖြစ်ပါသည်။ အရေးအသားမှာ အဖွဲ့အနွဲ့မပါ လွယ်ကူရှင်းလင်းကျစ်လျစ်၍ ပါဝင်သောအချက်အလက်များသည် ခေတ်မီ၊ တိကျ၊ မှန်ကန်မှုရှိ၍ မကြာခဏ ပြန်လည်ဖြည့်စွက်ပြင်ဆင်တည်းဖြတ် ထုတ်ဝေကြရပါသည်။ အများအားဖြင့် အဆိုပါစာအုပ်များကို အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် စာပေထုတ်ဝေရေးပုံနှိပ်တိုက်ကြီးတို့မှ ထုတ်ဝေလေ့ရှိပါသည်။

အမျိုးတူစုစည်းပါက (၁) စွယ်စုံကျမ်း၊ (၂) အနှစ်ချုပ်၊ (၃)အဘိဓာန်၊ (၄) လက်စွဲကျမ်း၊ (၅) လမ်းညွှန်စာအုပ်၊ (၆) အတ္ထုပ္ပတ္တိအဘိဓာန်၊ (၇) မြေပုံ၊ (၈) ဂေဇက်တီးယား (သို့မဟုတ်) ပထဝီဝင်အဘိဓာန်၊ (၉) အညွှန်း၊ (၁၀) စာစုစာရင်း ဟူ၍ ၁၀ မျိုး ခွဲခြားသတ်မှတ်လေ့ရှိပါသည်။ အမှတ်စဉ် (၁) မှ (၈) အထိ ရည်ညွှန်း ရှစ်မျိုးသည် သိလိုသည့်အချက်အလက်များကို တိုက်ရိုက်ရှာဖွေတွေ့ရှိနိုင်ပါသောကြောင့် အသင့်သုံး ရည်ညွှန်းစာအုပ်များဖြစ်ပြီး အမှတ်စဉ် (၉) နှင့် (၁၀) သည် သိလိုသည့်အချက်အလက်များကို တိုက်ရိုက်ရှာမတွေ့နိုင်ဘဲ မည်သည့်စာအုပ်တွင်ရှိသည်ကိုရည်ညွှန်းထား၍ ဆက်လက်ရှာဖွေမှသာ တွေ့နိုင်ပါသည်။ စာကြည့်တိုက်အများစုသည် ရည်ညွှန်းစာအုပ်များအား ပြင်ပသို့ ငှားရမ်းခွင့်မရှိဘဲ စာကြည့်တိုက်အတွင်းသာ ဖတ်ရှုကြရပါသည်။

## ဗဟုသုတစာအုပ်များ

ပြတိုက်ပစ္စည်းများနှင့်ပတ်သက်၍ ပိုမိုလေ့လာစေရန် ဖွင့်လှစ်ထားသည့် ပြတိုက်ဆိုင်ရာ ရည်ညွှန်းစာကြည့်တိုက်တို့တွင် ရည်ညွှန်းစာအုပ်များထားရှိရသကဲ့သို့ ပြတိုက်ပစ္စည်းများနှင့်သက်ဆိုင်သည့် စာအုပ်များ၊ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ စာအုပ်၊ စာတမ်းများ၊ ပြတိုက်ပညာပေးရေးနည်းလမ်းပါစာအုပ်၊ စာတမ်းများ၊ ခင်းကျင်းရေးဆိုင်ရာနည်းပညာစာအုပ်များ၊ ပစ္စည်းစုဆောင်းနည်းများနှင့် နိုင်ငံတကာပြတိုက်ပစ္စည်း စုဆောင်းထားရှိသည့် အချက်အလက်များပါဝင်သည့် စာအုပ်များ၊ နိုင်ငံတကာပြတိုက်ဆိုင်ရာ ဗဟုသုတစာအုပ်များ စသည့် စာအုပ်မျိုးစုံရှိကြပါသည်။ ထို့အတူ ဒစ်ဂျစ်တယ်စနစ်သုံး၍ အွန်လိုင်းဖြင့် အခြားပြတိုက်များရှိ စာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်များ၊ နိုင်ငံတကာပြတိုက်တို့နှင့် ချိတ်ဆက်ထားကြပါသည်။ စာကြည့်တိုက်လုပ်ငန်းများ ဖြစ်သည့် စာစုခြင်းလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာဖြန့်လုပ်ငန်း၊ စီမံခန့်ခွဲရေးလုပ်ငန်းနှင့် စာအုပ်၊ စာတမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စသည်ဖြင့် သက်ဆိုင်ရာဌာနစိတ်အလိုက် လှုပ်ရှားဆောင်ရွက်ကြပါသည်။ စင်ဖွင့်စနစ်သုံးစာကြည့်တိုက်ဖြစ်ပါက စာဖတ်သူများအနေဖြင့် မိမိလိုအပ်သည့်စာအုပ်များကို စင်ပေါ်တွင် မိမိဘာသာမိမိ ရှာဖွေဖတ်ရှုနိုင်၍ ဖတ်ပြီးပါက ပြန်ထားရမည့် သတ်မှတ်နေရာတွင် စနစ်တကျ ပြန်လည်ထားရှိရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း စာအုပ်များကို သူ့နေရာနှင့်သူ အချိန်နှင့်အမျှ ပြန်လည်ထားရှိပေးရပါမည်။ စင်ပိတ်စနစ်သုံးပါက မိမိလိုအပ်သော စာအုပ်များကို ကတ်တလောက်တွင်ရှာ၍ စာကြည့်တိုက်ဝန်ထမ်းက ရှာဖွေပေးခြင်းတွင် စာဖတ်သူနှင့် ဝန်ထမ်းတို့အကြား နှစ်ဦးနှစ်ဖက် စိတ်ရှည်ရန် လိုအပ်လှပါသည်။ ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ကို နားလည်၍ စာဖတ်သူတို့အပေါ် အဆင်ပြေပြေဖတ်ရှုနိုင်ရန် နွေးထွေးစွာပြုမူဆက်ဆံရမည်ဖြစ်ပါသည်။

စာကြည့်တိုက်အသုံးပြုသူတို့ကလည်း ဖတ်ရှုလေ့လာအသုံးပြုရာတွင် မိမိလိုအပ်သောစာရွက်များကို စုတ်ဖြဲခြင်း၊ စာရွက်ခေါက်ခြင်း၊ စာရွက်များပေါ်တွင် မှတ်သားခြင်း၊ မျဉ်းသားခြင်း၊ မိမိအလိုရှိသည့် စာအုပ်များ မရရှိပါက တာဝန်ကျဝန်ထမ်းများကို မချေမငံပြုမူခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။

မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများ၌ ဝန်ကြီးဌာနဆိုင်ရာပြတိုက်များရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနရှိ ငါးပြတိုက်သည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် မြောက်ဘက်တံခါးနှင့် မျက်နှာချင်းဆိုင် ကန်တော်ကြီးစောင်း ကန်လမ်း မင်္ဂလာတောင်ညွန့်၌ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် အုတ်မြစ်ချခဲ့သည်။ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ရည်ညွှန်းစာကြည့်တိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ဆေးတက္ကသိုလ် (၁)၊ ဆေးပညာသင်ကြားရေးပြတိုက်နှင့် စာကြည့်တိုက်သည် ၁၉၂၃ ခုနှစ်မှ အခြေခံလာပြီး ၁၉၂၉ ခုနှစ်တွင် ဆေးပညာဌာနငယ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ကာ ၁၉၆၄ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) အဖြစ် ပေါ်ပေါက်ခဲ့ပြီး စာကြည့်တိုက်မှာလည်း ပေါ်ပေါက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် စာကြည့်တိုက်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ခဲ့၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်ရှိ ရန်ကုန်ဆေးရုံသစ်ကြီးနှင့် ဆေးတက္ကသိုလ် (၁) ကြား၌ တည်ရှိသော လေးထပ်အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သည် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်တွင် ၂၀၀၂ ခုနှစ် မေလ ၁၆ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ရည်ညွှန်းစာကြည့်တိုက်ကို ပြတိုက်၏ တတိယထပ် (ထပ်ခိုး)၌ တစ်ပါတည်း ဖွင့်လှစ်ထားရှိပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်၌ အမျိုးသားပြတိုက်၊ ဗုဒ္ဓပြတိုက်၊ အထိမ်းအမှတ်ပြတိုက်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ရှေးဟောင်းသုတေသနဆိုင်ရာပြတိုက်များ၊ နန်းတွင်းယဉ်ကျေးမှုပြတိုက်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ယဉ်ကျေးမှုပြတိုက်များရှိပါသည်။

## အမျိုးသားပြတိုက်

အမျိုးသားပြတိုက်(ရန်ကုန်)ကို ရွှေတိဂုံဘုရားလမ်း၊ ဂျူဗလီဟော၌ ၁၉၅၂ ခုနှစ် ဇွန်လတွင် စတင်ဖွင့်ပြီး ပြတိုက်အား ပံ့ပိုးမှုပေးရန် စာအုပ်၊ စာတမ်း အုပ်ရေ ၂၀၀၀ နီးပါး စုဆောင်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ပန်းဆိုးတန်း အမှတ် ၂၆၊ ဂရင်းလေးဘဏ်ဟောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှစတင်၍ အမျိုးသားပြတိုက်ကို အမှတ် (၆၆/၇၄) ပြည်လမ်းမကြီး ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ပြတိုက်တွင် ရည်ညွှန်းစာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပါသည်။

ရည်ညွှန်းစာကြည့်တိုက်ပါဝင်သည့် အမျိုးသားပြတိုက် (နေပြည်တော်)ကို ကုမုဒြာအဝိုင်းအနီး ဥတ္တရသီရိမြို့နယ်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ စတင်ဖွင့်လှစ်ထားရှိပါသည်။

၁၉၆၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် မဟာပါသာဏလိုဏ်ဂူဘေး ပိဋကတ်တိုက်ဝင်းအတွင်း ဗုဒ္ဓယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်ထားရှိပြီး ရည်ညွှန်းစာကြည့်တိုက်လည်း ဖွင့်လှစ်ထားရှိပါသည်။ စစ်တွေဗုဒ္ဓပြတိုက်ကို မကျည်းမြိုင်ရပ်ကွက် မေယုလမ်းတွင် ဖွင့်လှစ်ထားရှိပါသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့တော်များတွင် ယဉ်ကျေးမှုပြတိုက်များ ဖွင့်လှစ်ထားရှိပါသည်။ အဆိုပါပြတိုက်များတွင် ရည်ညွှန်းစာကြည့်တိုက် သီးသန့်ဖွင့်လှစ်ထားရှိခြင်းမရှိဘဲ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

ရှေးဟောင်းသုတေသနပြတိုက်များသည် ပုဂံ၊ သရေခေတ္တရာ(ပြည်)၊ ဗိဿနိုး (တောင်တွင်းကြီး)၊ ဟန်လင်း(ရွှေဘို)၊ အင်းဝ၊ တကောင်း(သပိတ်ကျင်းမြို့နယ်)၊ မြောက်ဦး(ရခိုင်ပြည်နယ်)တို့တွင် တည်ရှိပြီး ရည်ညွှန်းစာကြည့်တိုက်များလည်း ရှိပါသည်။

ကမ္ဘောဇသာဒီနန်းတော်ယဉ်ကျေးမှုပြတိုက်သည် မြင်တော်သာလမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့တွင် တည်ရှိပြီး ရည်ညွှန်းစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားရှိပါသည်။

ဝန်ကြီးဌာနများ၊ ပညာရပ်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကပိုင်သည့်ပြတိုက်များသည် မြန်မာနိုင်ငံ၌ နေရာအသီးသီးတွင် ဖွင့်လှစ်ထားပြီး ပြတိုက်နှင့်သက်ဆိုင်သော စာကြည့်တိုက်များ ပါရှိသည့် ပြတိုက်များရှိသကဲ့သို့ ရည်ညွှန်းစာကြည့်တိုက်မရှိသော ပြတိုက်များလည်း ရှိပါသည်။

## ဖွံ့ဖြိုးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်

ပြတိုက်များ၌ ဖွင့်လှစ်လျက်ရှိသည့် ရည်ညွှန်းစာကြည့်တိုက်များတွင် တာဝန်ကျ စာကြည့်တိုက်မှူးများအနေဖြင့် ပြတိုက်ဆိုင်ရာစာအုပ်၊ စာတမ်းများကို ပိုမိုပြည့်စုံစွာ စုဆောင်းထားခြင်း၊ ယနေ့ ဒစ်ဂျစ်တယ်နည်းပညာတိုးတက်လာမှုနှင့်အတူ ခေတ်မီပြတိုက်ပညာရပ်များဆိုင်ရာသတင်းအချက်အလက်များနှင့် အထောက်အထားများကို ရှာဖွေစုဆောင်းခြင်းနှင့် စာကြည့်တိုက်အသုံးပြုနေသူများအား ကူညီထောက်ပံ့ခြင်းတို့ဖြင့် စာကြည့်တိုက်၏ ဖွံ့ဖြိုးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်လည်းဖြစ်ပါလိမ့်မည်။

ပြတိုက်များသို့ လာရောက်လေ့လာသူများ ပိုမိုလေ့လာမှုအားကောင်းစေရန်နှင့် ဗဟုသုတများစွာပေးစွမ်းနိုင်စေရန် ရည်ညွှန်းစာကြည့်တိုက်များရှိလျှင် ပိုမိုအားကောင်းသောပြတိုက်များ ဖြစ်လာဖွယ်ရာရှိပါသည်။

အရောင်စုံ အသွေးစုံလှပနေသော စာကြည့်တိုက်များသည် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန်၊ ပညာရှင်များ သုတေသနဆောင်ရွက်ရန်နှင့် ပြည်သူများ၏ အသိပညာအလင်း၊ ဗဟုသုတအလင်းတို့ ပေးစွမ်းရာနေရာများပင်ဖြစ်ပါသောကြောင့် စာကြည့်တိုက်ဝန်ထမ်းများကလည်း မိမိ၏စာကြည့်တိုက်လုပ်ငန်းအောင်မြင်စေရန်နှင့် စာဖတ်သူတို့ စာပေမြတ်နိုးနိုင်စေရန် စိတ်ရှည်သည်းခံမှု၊ စာဖတ်အားကောင်းမှု၊ စနစ်ကျမှုနှင့် စာကြည့်တိုက်ပညာရပ်အပေါ် စေတနာထားနိုင်မှုတို့ဖြင့် စာဖတ်သူလက်ထဲသို့ စာပေအလင်းများ ဆောင်ကြဉ်းပေးနိုင်စွမ်းရှိသကဲ့သို့ စာဖတ်သူများကလည်း ဗဟုသုတလိုလားမှု၊ စည်းကမ်းရှိမှုနှင့် စာအုပ်များကို ချစ်ခင်တတ်စေရန် လိုအပ်လှပါသည်။ စာဖတ်သူနှင့် စာကြည့်တိုက်ဝန်ထမ်းများ အပေးအယူမျှတစွာဖြင့် စာရေးသူများ ရေးသားထားသောမှင်စက်များစုဝေးရာ စာအုပ်များဖတ်ရှု၍ စာရေးသူများအပေါ် မုဒိတာပွားနိုင်စေလိုပါသည်။

ထိုသို့ရည်ညွှန်းစာကြည့်တိုက်လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ပြတိုက်လေ့လာသူ၊ သုတေသနပြုသူတို့သည် ပြတိုက်ပစ္စည်းများ၏ အချက်အလက်များ ပိုမိုသိရှိနိုင်မည်ဖြစ်ပါသည်။ စာအုပ်၊ စာတမ်းများမှ ပေးစွမ်းသည့် ပြတိုက်ဆိုင်ရာထိန်းသိမ်းရေး၊ ခင်းကျင်းရေး၊ လူထုဆက်ဆံရေးအစရှိသည့် နည်းလမ်းကောင်းများရယူ၍ မိမိတို့မြတ်နိုးကြသော ပြတိုက်ပစ္စည်းများ ရေရှည်တည်တံ့စေရန်နှင့် ရည်ညွှန်းစာကြည့်တိုက်များ ခေတ်မီ၍ ရှင်သန်နိုင်စေရန် ဝန်ထမ်းနှင့် လေ့လာသူ၊ သုတေသနပြုသူတို့လက်တွဲ၍ တာဝန်ရှိစွာ ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> “အရောင်စုံ အသွေးစုံလှပနေသော စာကြည့်တိုက်များသည် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန်၊ ပညာရှင်များ သုတေသနဆောင်ရွက်ရန်နှင့် ပြည်သူများ၏ အသိပညာအလင်း၊ ဗဟုသုတအလင်းတို့ ပေးစွမ်းရာနေရာများပင် ဖြစ်ပါသောကြောင့် စာကြည့်တိုက်ဝန်ထမ်းများကလည်း မိမိ၏စာကြည့်တိုက်လုပ်ငန်း အောင်မြင်စေရန်နှင့် စာဖတ်သူတို့ စာပေမြတ်နိုးနိုင်စေရန် စိတ်ရှည်သည်းခံမှု၊ စာဖတ်အားကောင်းမှု၊ စနစ်ကျမှုနှင့် စာကြည့်တိုက်ပညာရပ်အပေါ် စေတနာ ထားနိုင်မှုတို့ဖြင့် . . .”

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် KAFA မှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် Korea-ASEAN Friendship Association (KAFA) မှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Mr. Sung Ki Baik ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး**

တွေ့ဆုံစဉ် Dr. Mr. Sung Ki Baik က ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်းများ၊ လုပ်ငန်းများအနေဖြင့် နေပြည်တော်တွင် အင်ဂျင်နီယာပညာ၊ စီမံခန့်ခွဲမှုပညာ၊ ဆေးသိပ္ပံပညာနှင့် အနုပညာဆိုင်ရာကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ယခင်လအတွင်း ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့နှင့် ဆိုးလ်မြို့သို့ သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများနှင့် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယို၊ ရုပ်ရှင်အနုပညာသင်တန်းကျောင်းများ ပေါ်ပေါက်ရေးအပါအဝင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မူဆယ်-မန္တလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှု ဆောင်ရွက်ရန်အတွက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Eryuan Engineering Group တို့သည် မူဆယ်-မန္တလေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသစ်အား ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ဆောင်ရွက်ရန်အတွက် Memorandum of Understanding on Feasibility Study for Muse – Mandalay Railway Project Between Myanma Railways, Ministry of Transport and Communications of the Republic of the Union of Myanmar and China Railway Eryuan Engineering Group Co.,Limited, China Railway Group Limited , the People's Republic of China လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။




လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ယခုဆောင်ရွက်မည့် ဖြစ်မြောက်နိုင်ခြေလေ့လာမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မူဝါဒအသစ်ဖြစ်သော One Belt, One Road မဟာဗျူဟာကို အခြေခံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ် Ruli East Railway ဘူတာမှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်-လားရှိုး-ကျောက်မဲ-ပြင်ဦးလွင်တို့မှတစ်ဆင့် မန္တလေးသို့ ရောက်ရှိမည့် အရှည် ၄၃၁ ကီလိုမီတာ (မိုင် ၂၇၀) ခန့်ရှိသော ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Group Limited (CREC)၏ ကုန်ကျစရိတ်ကျခံမှုဖြင့် ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ဆောင်ရွက်ပေးလိုကြောင်း ၂၀၁၇ ခုနှစ် မေလအတွင်း အဆိုပြုချက်အရဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရထားလမ်းပိုင်းသစ်စီမံကိန်းသည် အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan) ၏ ဦးစားပေးအကောင်အထည်ဖော်ရန်လိုအပ်သည့် သယ်ယူပို့ဆောင်ရေး စင်္ကြံ ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) မှ ဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အာရှဖြတ်သန်းရထားလမ်းမကြီးကွန်ရက် (Trans Asian Railway Network - TAR) ၏ တောင်ဘက်စင်္ကြံပေါ်တွင် တည်ရှိသည့် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်သို့ ဆက်လက်ချိတ်ဆက်၍ ဥရောပအထိ ဖြတ်သန်းသွားလာနိုင်မည့် အလားအလာကိုလည်းကောင်း၊ မြန်မာ့မီးရထား ကွန်ရက်လမ်းကြောင်းများမှတစ်ဆင့် တောင်ဘက်ရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ ဆက်သွယ်နိုင်မည့် အလားအလာကိုလည်းကောင်း အရှိန်မြှင့်တင်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းရရှိနိုင်မည်ဖြစ်သည်။

ရထားလမ်းသစ် တည်ဆောက်ဖောက်လုပ်နိုင်ခြင်းဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြည်ပပို့ကုန်/သွင်းကုန်များအား အချိန်တိုအတွင်း ထိရောက်လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်ခြင်း၊ ရထားဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်ခြင်း၊ ရထားလမ်းတစ်လျှောက်တည်ရှိရာ ဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းခံစားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၂**
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သီတင်းကျွတ်ပွဲတော်ကာလအတွင်း မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်း လမ်း ၈၀ နှင့် ၆၆ လမ်းကြား၊ ၂၆ လမ်း တစ်လျှောက်တွင် LED ရောင်စုံမီးလုံးများ တပ်ဆင်ထွန်းညှိ၍ မြန်မာ့ယဉ်ကျေးမှု မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

"သီတင်းကျွတ်ကာလအတွင်း ကျုံးတောင်ဘက်အခြမ်းမှာရှိတဲ့ မီးတိုင်တွေကနေ တောင်မြောက် LED မီးကြိုးတွေ သွယ်တန်းတပ်ဆင်ပြီး မီးရောင်စုံတွေ ထွန်းညှိထားမယ်။ လက်ရန်းတိုင်တွေမှာလည်း အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ အရောင်ငါးမျိုး ဖြာထွက်တဲ့ DC ဗို့အားမီးရောင်စုံတွေကို ပေ ၅၀ ခြားပြီး လမ်း ၇၀ ကနေ ၇၃ လမ်းအထိ တပ်ဆင်ပေးထားမှာပါ။ မြန်မာ့ယဉ်ကျေးမှု မီးထွန်းပွဲတော်ကြီးမှာ မန္တလေးမြို့ရဲ့ အထင်ကရ ကျုံးမြို့ရိုးရဲ့ မီးရောင်စုံအလှအပအောက်မှာ ဒေသခံပြည်သူတွေ အေးချမ်းပျော်ရွှင်စွာနဲ့ လာရောက်အပန်းဖြေနိုင်ဖို့ ရည်ရွယ်ပြီးဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

ထို့အပြင် ကျုံးတောင်ဘက် ၆၉ လမ်းနှင့် ၇၂ လမ်းကြားတွင် မြို့ရိုးနှင့် ကျုံးကြားရှိ သစ်ပင်ကြီးများတွင် မီးရောင်စုံများ ထွန်းညှိတပ်ဆင်သွားမည့်အပြင် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ရန်လည်း ကျုံးတောင်ဘက် ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ ကျုံးလျှောက်လမ်းနေရာတွင် ရောင်စုံမီးဝိုင်းကြီးတစ်ခုကိုလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၇)ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**
မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ထိရောက်စွာလက်တွဲပူးပေါင်းလုပ်ဆောင်သွားရန် (Building Effective Partnerships in Myanmar's Media Development) ဖြင့် ကျင်းပမည့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပမည့် (၇) ကြိမ်မြောက် ညီလာခံမှာ နေပြည်တော်၌ ပထမဆုံးပြုလုပ်မည့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ မြန်မာမီဒီယာလောကတွင် ရင်ဆိုင်နေရသည့် အခက်အခဲအားလုံးကို လက်တွေ့ကျကျ ဖြေရှင်းသွားနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ မီဒီယာလောကသားများနှင့် တာဝန်ရှိဌာနဆိုင်ရာပုဂ္ဂိုလ်များက တက်ရောက်ဆွေးနွေးအဖြေရှာကြမည်ဖြစ်ပါကြောင်း၊ အချိန်မီ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီပေးကြစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ညီလာခံအတွက် အသုံးပြုမည့် နောက်ခံဒီဇိုင်း ရွေးချယ်အတည်ပြုခြင်း၊ ဦးဆောင်ဆွေးနွေးမည့်သူများ၊ ပါဝင်ဆွေးနွေးမည့်သူများနှင့် ဆွေးနွေးမည့်အကြောင်းအရာများကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။



(၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံကို မြန်မာနိုင်ငံတွင် ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူ့ပ်ရှားဆောင်ရွက်သူများအကြား ပိုမိုစုပေါင်းလုပ်ကိုင်နိုင်မည့် လမ်းကြောင်းတစ်ခုတည်ဆောက်နိုင်ရန်၊ မီဒီယာပြုပြင်ပြောင်းလဲရေးနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အားဖြည့်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒီဇင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ Myanmar Press Council (MPC)၊ UNESCO၊ IMS/Fojo၊ DW Akademie၊ JICA၊ Internews နှင့် Myanmar Police project တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၀/၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်**

**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်(၈) ရပ်ကွက်တွင် ဘိန်း၊ ဆေးပြားသုံးစွဲသူများနှင့် ရောင်းဝယ်နေသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၀-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်၊ သဲချိုင်းကုန်းဟောင်းအနီးနေ အောင်လ (၅၃)နှစ်၊ (ဘ) ဦးဆိုင်ထွန်း၏ နေအိမ်အား သတင်းအတည်ပြု စိစစ်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ အောင်မိုး(၂၅)နှစ်တို့အား WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ)၁၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်စိစစ်လျက်ရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချမှုများကြောင့် လူငယ်များမှာ မူးယစ်ဆေးဝါးများစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာအတွင်း စုံစမ်းစိစစ်စဉ် နိုင်ဇော် (၂၃)နှစ်၊ (ဘ) ဦးသိန်းလွင်နှင့် အစ်ကိုဖြစ်သူ ညီဇော် (၂၆)နှစ်သည် လှေဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာရန် ပြင်ဆင်နေချိန် ၎င်းတို့(၂)ဦးအား လှေပေါ်မှ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ)၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်စိစစ်လျက်ရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာနေ ကိုတင်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာနေ ကိုတင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ ဒေါ်မြဝင်း (၄၆)နှစ်၊ (ဘ)ဦးလှိုင်တင်သည် နေအိမ်နောက်ဖေးပေါက်မှ အိတ်(၁) အိတ်အား လွှင့်ပစ်ပြီး ချောင်းအတွင်းဆင်း၍ စက်လှေဖြင့် ထွက်ပြေးသွားသဖြင့် ၎င်းအိတ်အား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် နမစ(ကံမော်) မယ(ပ)၄၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြအောင်စည် ရိပ်သာနေ အရှင်အာစိဏ္ဏသည် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြအောင်စည်ရိပ်သာဝင်း၊ တစ်ထပ်ကျောင်းဆောင်နေ အရှင်အာစိဏ္ဏ (ခ)ဦးအေးကျော် (၅၂)နှစ်၊ ဝါတော်(၁၃)ဝါ၊ (ဘ)ဦးမြရွှေ၏ အခန်းအား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြည်ကြီးတံခွန်) မယ(ပ) ၂၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ ကိုနေမျိုးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၀-၂၀၁၈ ရက်နေ့တွင် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ နေမျိုးအောင် (၄၇)နှစ်၊ (ဘ)ဦးဝင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆည်တော်ကြီး) မယ(ပ) ၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာနေ ကိုရှိုင်းရှိုင်းသူနှင့် ကိုရှိုင်းရှိုင်းဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာနေ ရှိုင်းရှိုင်းသူ (၂၃)နှစ်၊ (ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ တူမီးသေနတ်(၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၃၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၂(ခ)ဖြင့် လည်းကောင်း၊ အလားတူ ကွမ်းဘောင်ကျေးရွာနေ ရှိုင်းရှိုင်းဦး (၂၆)နှစ်၊ (ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၃၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မူးခွကျေးရွာနေ ကိုချမ်းသာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၀-၂၀၁၈ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ မူးခွကျေးရွာနေ ချမ်းသာ (၂၆)နှစ်၊ (ဘ)ဦးထွေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၁၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ လမ်းဖိုးကမ်းကျေးရွာနေ ကိုဇော်မင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ လမ်းဖိုးကမ်းကျေးရွာနေ ဇော်မင်း(ခ)ဇော်မင်းလွင်(၃၅)နှစ်၊ (ဘ)ဦးမြင့်ဝေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ရန်နိုင်ကျော် (၂၇)နှစ်၊ (ဘ)ဦးမင်းသူတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပြည်ကြီးမဏ္ဍိုင်) မယ(ပ)၂၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ မန်မိုင်ကျေးရွာနေ ဦးအာဘောင်းနှင့်ဇနီး မအေးမီး တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ (၄)၊ နတ်စင်လမ်းပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ခေး (၁၉)နှစ်၊ (ဘ) ဦးစံလှအား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဓားဦးချွန်(၁)ချောင်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၂၀၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၂(ခ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ မန်မိုင်ကျေးရွာနေ အာဘောင်း (ခ)အိုက်ပေါင်း (၂၅)နှစ်၊ (ဘ)ဦးအိုက်နက်(ခ)မောင်မောင်နှင့်ဇနီး မအေးမီး (၂၇)နှစ်၊ (ဘ)ဦးအောင်အောင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ဇော်မျိုးထက် (ခ) မင်းထိုက် (၂၃)နှစ်၊ (ဘ)ဦးထွန်းနိုင်တို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၂၀၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃) လမ်း၊ အိမ်အမှတ် (၃၇)၊(၆)ခန်းတွဲတိုက်၊ (၆)လွှာ(ဘီ)နေ ကိုမျိုးဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၀-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ အိမ်အမှတ်(၃၇)၊ (၆)ခန်းတွဲတိုက်၊ (၆)လွှာ(ဘီ)နေ မျိုးဇော် (၃၆)နှစ်၊ (ဘ)ဦးတင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တာမွေ) မယ(ပ)၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊အမှတ်(၇၀၀)နေ မောင်မောင်စိုး(ခ) ကနဲကြီးသည် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များအား နေအိမ်တွင် ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၇၀၀)နေ မောင်မောင်စိုး (ခ)ကနဲကြီး (၄၇)နှစ်၊ (ဘ)ဦးဂိုလာကြမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ(ပ) ၅၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနား အနောက်ရပ်ကွက်နေ နောင်နောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်အတွင်း စုံစမ်းစိစစ်နေစဉ် ပတ္တမြားသဘော်ာကျင်းလမ်းပေါ်တွင် နောင်နောင် (၃၉)နှစ်၊ (ဘ)ဦးမြထွန်း၊ ကမ်းနားအနောက်ရပ်ကွက်နှင့် တစ်ရပ်ကွက်တည်းနေ သဲစုမွန် (၃၉)နှစ်၊ (ဘ) ဦးသိန်းဝင်းတို့အား တွေ့ရှိသဖြင့် စိစစ်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိစစ်ရာ ဆေးခြောက်များမှာ မမစ(လှည်းကူး) မယ(ပ) ၂၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ အမှုမှ ဖမ်းဆီးရမိ တရားခံ မျိုးမင်း (ခ)မြင့်ဦး (၃၇)နှစ်၊ (ဘ)ဦးတင်အေးထံမှ ပြန်လည်ရောင်းချရန် ပေးအပ်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃) ဦးအား မမစ(အင်းစိန်) မယ(ပ) ၁၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၀-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၃၅၀ မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား ၄၆၇ ဦး၊ မ ၉၀ ဦး၊ ပေါင်း ၅၅၇ ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၅၀၄၇. ၉၅ ဂရမ်၊ ICE ၂၂. ၀၁ ဂရမ်၊ ဘိန်း ၃၈၃၈၇. ၀၁ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၃၂၉ ဂရမ်၊ ဘိန်းစာမှုန့် ၁၁၈၀၂ ဂရမ်၊ ဘိန်းစာရွက် ၃၉၇၃. ၉၉ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅၈၈ ပြား၊ ဆေးခြောက် ၃၆၉၃. ၇၈ ဂရမ်၊ ဘိန်းရည် ၀. ၁ လီတာ၊ ဘိန်းဆီခဲ ၂၁၇. ၄ ဂရမ်၊ ဘိန်းစေ့ ၆၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၁. ၆၅ ဂရမ်၊ သေနတ်မျိုးစုံ ၁၂ လက်၊ ကျည်မျိုးစုံ ၁၉၄ တောင့်၊ လက်ပစ်ဗုံး ၁ လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ မွန်စင့်ကျေးရွာ၌ တရားခံအမျိုးသား ၂ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၈၀၀၊ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်- တောင်ကြီးကားလမ်း၊ ဟိုတင့်ကျေးရွာအနီး၌ သတင်းအရ စိစစ်ဆောင်ရွက်စဉ် SCANIA ၂၂ ဘီးတွဲယာဉ်ပေါ်မှ တရားခံအမျိုးသား ၂ ဦးအား မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် SULPHURIC ACID လီတာ ၁၄၂၂၀၊ မော်တော်ယာဉ် ၁ စီး၊ မိုင်းဆတ်မြို့နယ်၊ ဖားဟကျေးရွာ၌ တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ဆိုင်ကယ် ၁ စီး၊ ကျေးသီးမြို့နယ်၊ ကျေးသီး- မိုင်းရယ်- လားရှိုးသွားလမ်း၌ Nissan Fuso ၆ ဘီးယာဉ်ပေါ်မှ တရားခံအမျိုးသား ၁ ဦးအား CAFFINE ဂရမ် ၁၅၀၀၀၀၀၊ မော်တော်ယာဉ် ၁ စီး၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ ညဏ်ပင်ကျေးရွာ၌ တရားခံအမျိုးသား ၂ ဦးထံမှ ဘိန်းဆီခဲ ဂရမ် ၃၁၀၀၊ ဆိုင်ကယ် ၁ စီး၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ် တိုးဂိတ်အနီး၌ တရားခံအမျိုးသား ၂ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၊ ဆိုင်ကယ် ၁ စီး၊ Nissan WINGROAD ယာဉ်ပေါ်မှ တရားခံ အမျိုးသား ၁ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၊ မော်တော်ယာဉ် ၁ စီး၊ တောင်ကြီးမြို့၊ စခဲကျေးရွာအဝင်လမ်း၌ Toyota Hilux Surf ယာဉ်ပေါ်မှ တရားခံအမျိုးသား ၂ ဦးနှင့် တရားခံ အမျိုးသမီး ၂ ဦး၊ ပေါင်း ၄ ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀၊ မော်တော်ယာဉ် ၁ စီး၊

**စာမျက်နှာ ၁၀ သို့** »»

# ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၁၄/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)**
**ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ထ)တွင် "မည်သည့်ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း"ဟု ပြဋ္ဌာန်းထားပါသည်။

၂။ သို့ဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရန် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ ရေးဆွဲနိုင်ရေးအတွက်လည်းကောင်း၊ မိမိတို့အဖွဲ့အစည်းများအတွင်း သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း အောက်ပါအချက်များကို အခြေခံရန် သတ်မှတ်လိုက်သည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာ၍ထိရောက်မှုရှိသော မူဝါဒချမှတ်ရန်နှင့် အဆိုပါမူဝါဒကို အမြင့်ဆုံးစီမံခန့်ခွဲမှုမှ ထောက်ခံမှုရှိရန်၊
(ခ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ထိရောက်စွာ လေ့လာဆန်းစစ်ဖော်ထုတ်၍ သုံးသပ်အကဲဖြတ်မှုရှိရန်၊
(ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု မြင့်မားပြီး ထိလွယ်ရှလွယ်သော နယ်ပယ်များအတွက် ပိုမိုတိကျသော အသေးစိတ်ဆောင်ရွက်မှုများ ထားရှိရန်၊
(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်မှုများသည် မိမိလုပ်ငန်းများသာမက ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းကွင်းဆက်များအားလုံးနှင့် အကျုံးဝင်စေရန်၊
(င) စာရင်းဇယားများနှင့် စာရင်းမှတ်တမ်းများကို စနစ်ကျမှန်ကန်စွာ ထားရှိရန်၊
(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒများ ထားရှိရန်၊
(ဆ) အဂတိလိုက်စားကြောင်း သံသယရှိမှုကို သတင်းပေးပို့နိုင်သော ယုံကြည်စိတ်ချရသည့် ယန္တရားများ ထားရှိရန်၊
(ဇ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများအပေါ် ပုံမှန်သုံးသပ်အကဲဖြတ်မှုစနစ် ထားရှိရန်။

**(ပုံ)အောင်ကြည်**
**ဥက္ကဋ္ဌ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

›››› **စာမျက်နှာ ၉ မှ**

ဘုရားဖြူရပ်ကွက်၌ တရားခံအမျိုးသား ၂ ဦးနှင့် တရားခံအမျိုးသမီး ၁ ဦး၊ ပေါင်း ၃ ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၃၈ ပြား၊ လုံခြုံရေးအဖွဲ့များ နယ်မြေရှင်းလင်းစဉ် ကွတ်ခိုင်မြို့နယ်၊ ပန်ဟိုးကျေးရွာအရှေ့တောင်ဘက်တောအတွင်း၌ မြေကြီးအတွင်း မြှုပ်နှံထားသည့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဆက်စပ်ပစ္စည်းများဖြစ်သော ACETONE လီတာ ၂၅၆၀၊ HYDROCHLORIC ACID လီတာ ၄၂၀၊ LIZOL လီတာ ၁၆၈၀၊ ETHYL ETHER ၁၂၁၆ လီတာ၊ ကွတ်ခိုင်-ကောင်းခါးသွားကားလမ်း၊ ခိုလုံကျေးရွာအဝင် ယူကလစ်တောအနီး၌ တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ ၃၆၃ ဂရမ်၊ ဆိုင်ကယ် ၁ စီး၊ တာချီလိတ်မြို့နယ်၊ ဇေင်ကျေးရွာ၌ တရားခံ အမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀၀ ပြား၊ ဆိုင်ကယ် ၁ စီး၊ ဆီဆိုင်မြို့နယ်၊ တောင်ကြီး- ဆီဆိုင်သွားကားလမ်း၊ ဘန်းယဉ်လေးကျေးရွာအနီးတွင် တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀၊ ဆိုင်ကယ် ၁ စီးအားလည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ သတင်းအရ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ် ၃ ခုရှိခဲ့ပြီး တရားခံအမျိုးသား ၄ ဦးနှင့် တရားခံအမျိုးသမီး ၁ ဦး၊ ပေါင်း ၅ ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၄ ပြား၊ ကျောက်ဖြူမြို့၌ သတင်းအရ ဖော်ထုတ်ဖမ်းဆီးရမိမှု ဖြစ်စဉ် ၂ ခုရှိခဲ့ပြီး တရားခံအမျိုးသား ၄ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၁ ပြား၊ မင်းပြားမြို့၊ ဥက္ကာပုံရပ်ကွက်၌ တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇ ပြား၊ မောင်တောမြို့နယ်အတွင်း သတင်းအရ စိစစ်ဖော်ထုတ်ရာ မောင်နီ(အောက်)ကျေးရွာ၌ တရားခံအမျိုးသား ၁ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉ ပြား၊ မြို့မကညင်တန်းအုပ်စု၊ ဆီတိလကျေးရွာ၌ တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈ ပြား၊ နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဦးစောလှကျွန်း မြောက်ဘက်အနီး၌ တစ်ဖက်နိုင်ငံသို့ လျော်ခတ်နေသည့် လောင်းလှေ ၁ စင်းပေါ်မှ တရားခံအမျိုးသား ၃ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀၊ လှေ ၁ စင်းအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ နန်မုံကျေးရွာ၌ တရားခံအမျိုးသား ၁ ဦးထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၅၀၊ ဘိန်းဖြူ ၂၇၂ ဂရမ်၊ ဗန်းမောက်မြို့နယ်၊ နန်းဇားကျေးရွာ မြောက်ဘက် ၂ မိုင်ခန့်အကွာရှိ ကန်ပေါက်တာတောထဲ၌ တရားခံအမျိုးသား ၂ ဦးထံမှ ဘိန်းစိမ်း ၈၁၆၇ ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မိုင်းလုံ- မိုးကုတ်သွားကားလမ်း၌ ဆိုင်ကယ် ၂ စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ညောင်ကုန်းကျေးရွာအနီး၌ တရားခံအမျိုးသား ၁ ဦးထံမှ ဘိန်းဖြူ ၁၀၁၀၈. ၅ ဂရမ်၊ ဆိုင်ကယ် ၂ စီး၊ မိုင်းလုံ-မိုးကုတ်သွားကားလမ်း၊ လယ်ကြီးရွာအဝင်အနီး၌ ALPHARD ယာဉ် ၁ စီးသည် မောင်းသူမရှိဘဲ အချိန်ကြာရှည်စွာ ရပ်တန့်ထားရှိသဖြင့် စစ်ဆေးရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀၊ ဘိန်းဖြူ ၂၀၁၂. ၅ ဂရမ်၊ မော်တော်ယာဉ် ၁ စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ ရှမ်းပြည်နယ်၊ ပန်ဆန်းမှ မောင်းနှင်လာသည့် Mitsubishi Pick Up ယာဉ်အားစစ်ဆေးရာ ယာဉ်မောင်း တရားခံအမျိုးသား ၁ ဦးနှင့်အတူ ICE ဂရမ် ၃၀၀၀၀၊ မော်တော်ယာဉ် ၁ စီး၊ စိစစ်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား ရန်ကုန်သို့ ပို့ဆောင်ရမည်ဟု သိရှိရသဖြင့် မူးယစ်အထူးတပ်ဖွဲ့ဝင်များနှင့်အတူ ယာဉ်အား ရန်ကုန်သို့ ဆက်လက်မောင်းနှင်ယူဆောင်ခဲ့ပြီး ရန်ကုန်ရောက်ချိန် ပေးထားသည့်ဖုန်းနံပါတ်သို့ ဆက်သွယ်ချိန်းဆိုရာ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းမပေါ်တွင် ချိန်းဆို၍ Suzuki Ertiga Saloon မော်တော်ယာဉ်ဖြင့် ပစ္စည်းလွှဲပြောင်းရယူမည့် တရားခံ အမျိုးသား ၁ ဦးအား မော်တော်ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက် ကွင်းဆက်ဖော်ထုတ်ချက်အရ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းပေါ်တွင် ထပ်မံလွှဲပြောင်းလက်ခံမည့် တရားခံအမျိုးသား ၁ ဦးအား Mini Cooper Saloon ယာဉ်နှင့်အတူ Ecstasy ၂၁ ပြား၊ ICE ၀. ၂ ဂရမ် ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့နေအိမ်အား ဆက်လက်ရှာဖွေရာ Ecstasy ၂၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၉၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ နိုင်ငံခြားသားများပါဝင်သော ဖမ်းဆီးရမိမှု ဖြစ်စဉ် ၂ ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မူဆယ်မြို့၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁ ဦးထံမှ ဘိန်းဖြူ ၃၀ ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား ၁ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ပြားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခု သီတင်းပတ်(၁၄-၁၀-၂၀၁၈ ရက်နေ့မှ ၂၀-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း ၂၇၈ မှုတွင် တရားခံ ကျား ၃၉၁ ဦး၊ မ ၂၈ ဦး၊ ပေါင်း ၄၁၉ ဦးကို ဘိန်းဖြူ ၁၀၃၆၃၁. ၁၂ ဂရမ်၊ ICE ၃၀၀၆၅. ၂၃ ဂရမ်၊ ဘိန်း ၈၈၅၈. ၀၆ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၂၁. ၅ ဂရမ်၊ ဘိန်းစာမှုန့် ၁၈၁၇. ၆၆ ဂရမ်၊ ဘိန်းစာရွက် ဂရမ် ၄၄၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၃၁၅၉ ပြား၊ ဆေးခြောက် ၉၅၄၀. ၃၄ ဂရမ်၊ ဘိန်းဆီခဲ ၃၁၀၄ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၅. ၂ ဂရမ်၊ CAFFINE ဂရမ် ၁၅၀၀၀၀၀၊ SULPHURIC ACID လီတာ ၁၄၂၂၀၊ HYDROCHLORIC ACID လီတာ ၄၂၀၊ ACETONE လီတာ ၂၅၆၀၊ ETHYL ETHER ၁၂၁၆ လီတာ၊ LIZOL လီတာ ၁၆၈၀၊ Ecstasy ဆေးပြား ၄၁ ပြားတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## နမ့်ခမ်းမြို့နယ်၌ ဆိုင်ကယ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေး

**နမ့်ခမ်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ နမ့်ခမ်းမြို့နယ် မြို့ပေါ်နှင့် တောင်ပေါ်ကျေးရွာဒေသများအထိ သွားရောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းဖွင့်လှစ်၍ ဆိုင်ကယ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်း၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို စစ်ဆေး၍ ဒေသအမှတ် (SHN) မှတ်ပုံတင်ပေးခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ သက်တမ်းတိုးပေးခြင်း၊ နယ်ဝင်ရောက် ဆောင်ရွက်ခြင်း၊ ခရီးလွန်ယာဉ် စစ်ဆေးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များကို သက်တမ်းတိုးပေးခြင်း၊ နယ်ဝင်ဆောင်ရွက်ခြင်းတို့ကို နမ့်ခမ်းမြို့မြို့နယ်ခန်းမနှင့် မန်အောင်ကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ခရိုင်ဦးစီးမှူး ဦးအောင်နိုင်၊ မူဆယ်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးမျိုးခိုင်တို့က ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။ **ဝေမွန်(ရွှေရေမြေ)**
**ဓာတ်ပုံ-မျိုးခိုင် (မူဆယ်)**



## အင်းစိန်မြို့နယ်တွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၂**

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးက အမှာစကား ပြောကြားသည်။

ထို့နောက် အင်းစိန်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က နည်းပညာ မီဒီယာများ ပေါ်ပေါက်လာသည့်နောက်ပိုင်း ခေါင်းပုံဖြတ်မှုနှင့် လူကုန်ကူးမှုစနစ်တွင် ပစ်မှတ်ထားသည့် သားကောင်များ မဖြစ်ပေါ်စေရေး လူကုန်ကူးမှုကို ကြိုတင်ကာကွယ်မှုများဖြင့် အနိုင်ယူရမည်ဖြစ်ကြောင်း စသည့် လူကုန်ကူးမှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးပြောကြားသည်။

အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရန်ကုန်တာဝန်ခံ ဒုရဲမှူး ဝေလွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၊ ပြစ်ဒဏ်များ၊ လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေး ပြည်သူအားလုံး ပါဝင်ပေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **၆၈၄**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ ဥပဒေစကားဝိုင်း၏ ကော်လံ ၂ တတိယအပိုဒ် စာကြောင်းရေ ၅ ပါ နိုင်ငံတော်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့လည်း ဆုံးဖြတ်ရပါတယ် (အစား) အမှုကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့လည်း ဆုံးဖြတ်ရပါတယ်ဟုလည်းကောင်း၊ အောက်တိုဘာလ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ ဥပဒေစကားဝိုင်း၏ ကော်လံ ၂ စတုတ္ထအပိုဒ် စာကြောင်းရေ ၂ ပါ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) အရ (အစား) ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၈ (က)အရ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**



# ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရခဲ့သည့် မက်ဆီ ရီးယဲလ်နှင့် ကစားမည့် အယ်လ်ကလက်စီကိုပွဲစဉ်တွင် လွဲချော်မည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် လာလီဂါပွဲစဉ် ၉ အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ဆီဗီလာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ညာဘက်လက်မောင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အယ်လ်ကလက်စီကိုပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ညာဘက်လက်မောင်းဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် ပွဲကစားချိန် ၂၆ မိနစ်တွင် ကွင်းအတွင်းမှ ထွက်ပေးခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ပွဲကစားချိန် နှစ်မိနစ်တွင် ကော်တင်ဟို၏သွင်းဂိုးနှင့် ပွဲကစားချိန် ၁၂ မိနစ်တွင် မက်ဆီ၏ သွင်းဂိုးတို့ရရှိခဲ့ပြီး ပထမပိုင်းမှာပင် နှစ်ဂိုးပြတ်ဦးဆောင်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲကစားချိန်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ၆၃ မိနစ်တွင် ဆွာရတ်ဇ်က ပင်နယ်တီမှလည်းကောင်း၊ ၈၈ မိနစ်တွင် ရာကီတစ်ကလည်းကောင်း သွင်းယူပေးခဲ့သည်။

ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရသည့် ဆီဗီလာအသင်း၏ သွင်းဂိုးနှစ်ဂိုးကို ဘာစီလိုနာကစားသမားလန်လက်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိရာမှလည်းကောင်း၊ ၉၁ မိနစ်တွင် မူရီယယ်လ်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီ ဒဏ်ရာပြဿနာကြုံခဲ့သော်လည်း ဘာစီလိုနာအသင်းမှာမူ ပွဲစဉ် ၉ အပြီးတွင် ရမှတ် ၁၈ မှတ်ရရှိထားကာ စပိန်လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်ထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အယ်လ်ကလက်စီကိုပွဲစဉ်တို့တွင် လွဲချော်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ငွေကြယ် - ရေးသားသည်**

# ထုတ်ပယ်ခံရရန်နီးစပ်နေပြီဖြစ်သည့် ရီးယဲလ်မက်ဒရစ်နည်းပြ လိုပက်တီဂေး

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ လိုပက်တီဂေးသည် ရလဒ်ပိုင်းဆိုးရွားမှုများဖြင့် ကြုံတွေ့နေခဲ့ရခြင်းကြောင့် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံရရန်နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြဇီဒန်းထွက်ခွာသွားပြီးနောက် လိုပက်တီဂေးကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး လီဗန်တေးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပါအဝင် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် လေးပွဲအထိ ရှုံးပွဲကြုံထားသည့်အသင်းလည်းဖြစ်သည်။

ထို့ကြောင့် လက်ရှိနည်းပြ လိုပက်တီဂေးကို ရာထူးမှထုတ်ပယ်ကာ ရီးယဲလ်မက်ဒရစ်ဘီအသင်းနည်းပြ ဆိုလာရီကို အစားထိုးခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။ လိုပက်တီဂေး တာဝန်ယူကိုင်တွယ်စဉ်တွင် နောက်ဆုံးငါးပွဲတွင် လေးပွဲရှုံးနိမ့်ခဲ့ရခြင်းမှာ ဂျူအန်ဒီရာမို့စ်လက်ထက် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံးရလဒ်လည်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြလိုပက်တီဂေးလက်ထက်တွင် ရှစ်နာရီကြာ ဂိုးမသွင်းယူနိုင်ခဲ့သည့်မှတ်တမ်းဆိုးဖြင့် ကြုံခဲ့ရပြီး အဆိုးရွားဆုံးရှုံးနိမ့်မှုမှာ ဆီဗီလာအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လိုပက်တီဂေးကို ထုတ်ပယ်ခဲ့ပါက ဆိုလာရီကို နည်းပြသစ်အဖြစ် ခန့်အပ်ရန်စီစဉ်နေသည့်အပြင် နည်းပြကွန်တီကိုလည်း ပစ်မှတ်ထားလျက်ရှိသည်။ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းကမူ စပါးအသင်းနည်းပြ ပိုချက်တီနိုကိုပင် စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်ခဲ့ကြောင်း သိရသည်။

လိုပက်တီဂေးကို ထုတ်ပယ်ခဲ့ပါက လော်ရင့်ဘလန့်၊ ရီးယဲလ်မက်ဒရစ်ကစားသမားဟောင်းများဖြစ်သည့် ဂူတီနှင့် မိုက်ကယ်လောဒရက်တို့လည်း ရီးယဲလ်နည်းပြဖြစ်လာနိုင်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။



## ဘောလုံးလောက သတင်းတိုများ

- ဝုလ်ဗက်စ်အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်း တောင်ပံကစားသမား အဒမ်ရိချ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။
- **လီဗာပူးအသင်းနှင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်ထားသော ပီအက်စ်ဂျီကွင်းလယ်ကစားသမား အက်ဒရီယန်ရာဘီယော့သည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။**
- နိုင်ငံတကာလက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်သည့် ဂျာမနီကွင်းလယ်ကစားသမားဟောင်း အိုဇေးလ်သည် အာဆင်နယ်အသင်း၏ ရလဒ်ပိုင်းအတွက် အကူအညီဖြစ်စေလိမ့်မည်ဖြစ်ကြောင်း နည်းပြအမ်မရီက ပြောကြားခဲ့သည်။
- **ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဟာဇက်၏ စာချုပ်သစ်အား တစ်ပတ်လုပ်ခပေါင် ၃၅၀၀၀၀ ဖြင့်ကမ်းလှမ်းထားသောကြောင့် ပရီမီယာလိဂ်၏ ဈေးအမြင့်ဆုံးဖြစ်လာမည်ဖြစ်သည်။**

# နယူးကာဆယ်အသင်း ပရီမီယာလိဂ် အမှတ်ပေးဇယား အောက်ဆုံးရောက်သော်လည်း အချိန်က စကားပြောလိမ့်မည်ဟု နည်းပြ ဘင်နီတက်ဇ် ဆို

နယူးကာဆယ်အသင်းသည် လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အောက်ဆုံးသို့ ရောက်ရှိနေခဲ့သော်လည်း အသင်း၏ ရလဒ်ပိုင်းနှင့် စပ်လျဉ်း၍ အချိန်က စကားပြောသွားလိမ့်မည်ဖြစ်ကြောင်း နယူးကာဆယ် အသင်းနည်းပြ ဘင်နီတက်ဇ်က ပြောသည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၉ တွင် အိမ်ကွင်း၌ ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါရှုံးနိမ့်မှုမှာ ၁၈၉၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးလည်းဖြစ်သည်။ နယူးကာဆယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လက်ရှိအချိန်အထိ တစ်ပွဲမှ နိုင်ပွဲရရှိထားခြင်း မရှိသေးသည့်အသင်းလည်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် လက်ရှိတွင် ကိုးပွဲကစားအပြီးတွင် ရမှတ် နှစ်မှတ်သာရရှိထားကြောင်း သိရသည်။

နယူးကာဆယ် အသင်းပိုင်ရှင် မိုက်ခ်အက်ရှ်လေကလည်း အသင်းကို ရောင်းချရန် စီစဉ်လျက်ရှိပြီး ၎င်းသတ်မှတ်ထားသည့် ပေါင်သန်း ၃၀၀ ရရှိမည်မဟုတ်ကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။





# တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့များ နှစ်နိုင်ငံသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



ဆိုးလ် အောက်တိုဘာ ၂၂

**တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတို့မှ တာဝန်ရှိသူများသည် နှစ်နိုင်ငံသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အလုပ်သဘော တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ရက်က ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယား သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

မြောက်ကိုရီးယားနိုင်ငံ၏ နယ်စပ်မြို့ဖြစ်သော ကေဆောင်းမြို့ရှိ ကိုရီးယားနှစ်နိုင်ငံ ပူးတွဲဆက်ဆံရေးရုံး၌ အောက်တိုဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဆွေးနွေးပွဲကို စတင်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲသို့ နှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လျှင်တာဝန်ရှိသူ သုံးဦးပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။ ကိုရီးယားနှစ်နိုင်ငံ ပူးတွဲဆက်ဆံရေးရုံးကို လွန်ခဲ့သည့်လက ဖွင့်လှစ်ခဲ့သည်။

### ကြိုးပမ်းသွားမည်

တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ကို ကိုရီးယားသစ်တောဌာန၏ ဒုတိယဝန်ကြီး ပါ့ခ်ချောင်ဟို **(ဝဲပုံ)** က ဦးဆောင်သည်။ ယခုပြုလုပ်သော ဆွေးနွေးပွဲမှတစ်ဆင့် ရလဒ်ကောင်းများ ပေါ်ထွက်လာစေရေးအတွက် မိမိတို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံ၏ သစ်တောရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမဆုံးဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ သစ်တောအခြေအနေနှင့် ပတ်သက်၍ ပူးတွဲလေ့လာမှုတစ်ရပ် ပြုလုပ်နိုင်ရန် တောင်ကိုရီးယားတာဝန်ရှိသူများသည် ဩဂုတ် ၈ ရက်က မြောက်ကိုရီးယား တာဝန်ရှိသူများနှင့်အတူ ကွမ်ဂန်းတောင်ဇရိယာသို့ သွားရောက်ခဲ့ကြသည်။

**ဆင်ဟွာ။**

## ကာရှော့ဂီ အသတ်ခံရမှု ဥရောပဝန်ကြီးများ ရှုတ်ချ

**ပါရီ အောက်တိုဘာ ၂၂**

ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ ဝန်ကြီးများသည် ဆော်ဒီသတင်းစာဆရာ ဂျမား ကာရှော့ဂီ သတ်ဖြတ်ခံခဲ့ရမှုနှင့်ပတ်သက်၍ ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျန်းယုဗ် လူးဒရီယန်၊ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမာစ်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျယ်ရယ်မီဟန့်တို့သည် ယင်းကြေညာချက်ကို အောက်တိုဘာ ၂၁ ရက်က ထုတ်ပြန်ခဲ့သည်။

သတင်းစာဆရာတစ်ဦး သတ်ဖြတ်ခံရမှုကို မည်သို့မျှ လက်ခံနိုင်ဖွယ် မရှိကြောင်း ဥရောပဝန်ကြီးများက ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်တို့သည် မိမိတို့နိုင်ငံများအတွက် အဓိကဦးစားပေးအချက်ဖြစ်ပြီး စာနယ်ဇင်းသမားများအား သတ်ဖြတ်မှုကို မည်သို့မျှ လက်မခံနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

တူရကီနိုင်ငံရှိ ဆော်ဒီကောင်စစ်ဝန်ရုံးတွင် ခိုက်ရန်ဖြစ်ပွားမှုအတွင်း ထိုးကြိတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ကာရှော့ဂီသေဆုံးခဲ့ရကြောင်း ဆော်ဒီအစိုးရအဖွဲ့က ရှင်းလင်းပြောဆိုခဲ့သည်။ **အင်န်အိပ်ချ်ကေ**

# ပါလက်စတိုင်းလူမျိုး ဂျေရုဆလင် အုပ်ချုပ်ရေးမှူးကို အစ္စရေး ဖမ်းဆီး

ဂျေရုဆလင် အောက်တိုဘာ ၂၂

**အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသ၌ ပြစ်မှုများ ကျူးလွန်ခဲ့ဖွယ်ရှိသည်ဟု စွပ်စွဲခံထားရသူ ပါလက်စတိုင်းလူမျိုး ဂျေရုဆလင် အုပ်ချုပ်ရေးမှူးကို အစ္စရေးက ဖမ်းဆီးထားကြောင်း ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို)က အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။**

အစ္စရေးရဲတပ်ဖွဲ့သည် ပါလက်စတိုင်းလူမျိုး အက်ဒ်နန် လီဟက်ကို အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် အရှေ့ဂျေရုဆလင်ရှိ ဘိတ်ဟာနီနာအရပ်၌ ဖမ်းဆီးခဲ့ကြောင်း ပီအယ်လ်အိုက ပြောကြားသည်။

၎င်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် အစ္စရေးစစ်ဘက်ဆိုင်ရာ တရားရုံးသို့ ပို့ဆောင်ခဲ့ပြီး လေးရက်အတွင်း ပြုလုပ်မည့် ကြားနာစစ်ဆေးမှုကာလအတွင်း ၎င်းကို ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်း ပီအယ်လ်အိုက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဂျေရုဆလင်၌ ပါလက်စတိုင်းတို့ တည်ရှိမှုကို ဆန့်ကျင်သည့် ခြေလှမ်းသစ်အဖြစ် ဂျေရုဆလင် အုပ်ချုပ်ရေးမှူးကို ဖမ်းဆီးခြင်းဖြစ်ကြောင်း ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို)အတွင်းရေးမှူးချုပ် ဆာဟိအီရီကတ်က ပြောကြားသည်။



ယင်းကိစ္စနှင့် ပတ်သက်၍ အစ္စရေးစစ်ဘက်က လတ်တလောတွင် မှတ်ချက်ပြု ပြောကြားခြင်းမရှိပေ။

လူနှစ်ယောက်ကို ဖမ်းဆီးထားပြီး ၎င်းတို့ကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း အစ္စရေးရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မစ်ကီရိုဆန်ဖီလ်က ပြောကြားသည်။

### သိမ်းသွင်း

၁၉၆၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အာရပ်-အစ္စရေး ခြောက်ရက်စစ်ပွဲတွင် အရှေ့ဂျေရုဆလင်အား အနောက်ဘက်ကမ်းနှင့်အတူ အစ္စရေးက သိမ်းယူခဲ့ပြီးနောက် ဂျေရုဆလင်မြို့တော်တွင်းသို့ သိမ်းသွင်းခဲ့ကြောင်း ကြေညာခဲ့သည်။

ဂျေရုဆလင်မြို့တော် အရှေ့ပိုင်းဒေသသည် အာရပ်လူမျိုးအများစု အဓိကနေထိုင်သည့်ဒေသဖြစ်ပြီး ယင်းဒေသသည် အနာဂတ်ပါလက်စတိုင်းနိုင်ငံ၏ မြို့တော်အဖြစ် ပီအယ်လ်အိုက သတ်မှတ်ထားသည်။

**အေအက်ဖ်ပီ။**

# ကိုလံဘီယာနိုင်ငံ၌ ရွံ့မြေပြိုကျမှုဖြစ်ပွား၊ လူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေ

ဘိုဂိုတာ အောက်တိုဘာ ၂၂

**ကိုလံဘီယာနိုင်ငံမြောက်ပိုင်းတွင် အောက်တိုဘာ ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရွံ့မြေပြိုကျမှုဖြစ်ပွားရာ လူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ မီးသတ်ဌာနက ပြောကြားသည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘာရန်ကာဘာမီဂျာမြို့၌ အောက်တိုဘာ ၂၁ ရက် နံနက်အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်းရဲသားများနေထိုင်ရာ ရပ်ကွက်တစ်ခုအတွင်း ရွံ့မြေပြိုကျ၍ သစ်သားဖြင့်ဆောက်လုပ်သည့် လူနေအိမ်အချို့ ဖုံးလွှမ်းခံခဲ့ရခြင်းဖြစ်သည်။**




သေဆုံးသူကိုးဦး၏ ရုပ်အလောင်းများကို မိမိတို့ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့မှာ ကလေးငါးဦးနှင့် အရွယ်ရောက်ပြီးသူ လေးဦးတို့ဖြစ်ကြောင်း မီးသတ်ဌာနအကြီးအကဲ ကလစ်ဖ်အဲလက်ဇန္ဒားဒီရက်ဇ်က ပြောကြားသည်။

### အသက်ရှင်သန်

ရွှံ့ညွန်များပြိုကျမှုဖြစ်စဉ်တွင် ကံကောင်းထောက်မစွာ ကလေးငယ်သုံးဦးကို အိမ်ပြင်ပသို့ ထွက်ခွာရန် လုပ်ဆောင်နိုင်ခဲ့သဖြင့် ၎င်းတို့ အသက်ရှင်ခဲ့ကြောင်း မီးသတ်ဌာနအကြီးအကဲ ဒီရက်ဇ်က ပြောကြားသည်။

ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့ပြကာကွယ်ရေးဌာန၊ ကြက်ခြေနီအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ကိုလံဘီယာ တပ်ဖွဲ့ဝင်များ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘေးဒုက္ခသင့်သူဦးရေ မည်မျှရှိသည်ကို အတိအကျ မသိရှိရသေးကြောင်း မြို့အုပ်ချုပ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်ဒီ အယ်လီနာ-အယ်လ်ဖာရက်ဇ်က ပြောကြားသည်။

**ဆင်ဟွာ။**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပေးတင်ပြချက်

အစိုးရဌာနအဖွဲ့အစည်းများရဲ့
တည်ဆောက်ခြင်း၊
ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊
ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ
ပြုလုပ်လိုတဲ့အခါ
တင်ဒါခေါ်ယူလေ့ရှိပါတယ်။




တင်ဒါခေါ်ယူတဲ့အခါ အရေးတကြီးသိထားသင့်တဲ့ ဒီအချက်တွေကို သင်သိပြီးပြီလား ?

နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ဖြင့်
တင်ဒါလုပ်ထုံးလုပ်နည်းများကို
အခုလိုထုတ်ပြန်ထားပါတယ်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ
လေလွင့်ဆုံးရှုံးမှုမရှိစေရန်။




- အဂတိလိုက်စားမှုများ မရှိစေရန်။
  - တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ




မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်။




- နိုင်ငံတော်နှင့်ပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်စေရန်တို့ပဲ ဖြစ်ပါတယ်။




တင်ဒါခေါ်ယူတဲ့အခါ ကော်မတီများကိုလည်း စနစ်တကျဖွဲ့စည်းရပါမယ်။

- တင်ဒါကော်မတီ
- ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ
- တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
- အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီ




စသည်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပြီး တာဝန်များကို ခွဲဝေဆောင်ရွက်ရပါမယ်။

တင်ဒါလုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း

- ရန်ပုံငွေခွင့်ပြုချက် ရှိ၊ မရှိ စိစစ်ခြင်း
- ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြ အတည်ပြုချက်ရယူခြင်း
- စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများ အပါအဝင် တင်ဒါစာရွက်စာတမ်းများပြုစုခြင်း
- တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြေညာခြင်း




- တင်ဒါများကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့်အစီရင်ခံစာများ တင်ပြခြင်း
- တင်ဒါအောင်မြင်သူများအား ထုတ်ပြန်ကြေညာခြင်း
- စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း
- စာချုပ်ငွေ ပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း စသည့် တင်ဒါလုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ရပါမယ်။

တင်ဒါလုပ်ငန်းစဉ်တွင်ပါဝင်သည့်
တင်ဒါအောင်မြင်သူများအား
ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းတွင်

တင်ဒါစာရွက်စာတမ်း၌
ဖော်ပြပါရှိသည့် နည်းလမ်း၊
နေရာနှင့် အချိန်အတိုင်း
တင်သွင်းသူများရှေ့တွင်
ဖွင့်ဖောက်ရပါမည်။




စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ
စိစစ်အကဲဖြတ်၍ နည်းပညာစံချိန်
စံညွှန်းကိုက်ညီသော တင်ဒါတင်သွင်းသူများ
အနက်မှ ဈေးနှုန်း အနည်းဆုံးတင်သွင်းသူများ
အား ရွေးချယ်၍ တင်ဒါ အောင်/ရှုံးကို
ဆုံးဖြတ်ပြီး




တင်ဒါအောင်မြင်သူများကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာန၏ Website တွင်
တရားဝင်ထုတ်ပြန်ကြေညာပြီး ကန်ထရိုက်အပ်နှင်းခြင်းကို ဆောင်ရွက်ရမည်။

တင်ဒါမအောင်မြင်သော
တင်ဒါတင်သွင်းသူများအား
တရားဝင်အကြောင်းကြားပြီး
တင်ဒါအာမခံကြေးကို
(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။




တင်ဒါလုပ်ငန်းစဉ်များအားလုံးကို
မှတ်တမ်းများထားရှိပြီး အနည်းဆုံး
၃ နှစ် ထိန်းသိမ်းထားရှိရပါမယ်။

- လက်ခံရရှိသည့်တင်ဒါများ
- စိစစ်အကဲဖြတ်မှုအစီရင်ခံစာ
- တင်ဒါကော်မတီ၏မှတ်တမ်း
- လက်မှတ်ရေးထိုးပြီးစာချုပ်
- ငွေပေးချေမှုဆိုင်ရာအချက်အလက်များ
- လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ
- အခြားဆက်စပ်စာရွက်စာတမ်းများ

စသည်တို့ ဖြစ်ပါတယ်။

တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင်
နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ကို ဖောက်ဖျက်လျက်
နိုင်ငံတော်၏ ငွေကြေးပစ္စည်း
ထိခိုက်နစ်နာဆုံးရှုံးလျှင် အဂတိလိုက်စားမှု
ကျူးလွန်ခြင်းဖြစ်သည့်အတွက် အရေးယူခံရ
နိုင်ကြောင်း ရှင်းရှင်းလင်းလင်း
နားလည်သဘောပေါက်သင့်ပါတယ်။




ဒါကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း
၁/၂၀၁၇ ကို
တိကျစွာ လိုက်နာနိုင်မည်ဆိုလျှင်
အဂတိလိုက်စားမှု မဖြောက်နိုင်ကြောင်း
တင်ပြအပ်ပါတယ်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ဘူးသီးတောင်မြို့၌ ငွေကျပ် သိန်း ၅၇၇၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၈၆၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**
ဘူးသီးတောင်မြို့နယ်၌ အောက်တိုဘာ ၂၁ ရက်တွင် ငွေကျပ် သိန်း ၅၇၇၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၈၆၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ဘူးသီးတောင်မြို့ ရွာမကျေးရွာလမ်းဘေး၌ မီးသွေးအိတ်များတင်ဆောင်၍ ရပ်တန့်ထားသော မူဟာမတ်ဟာရော(၂၉)နှစ် မောင်းနှင်သည့် KYN 6A/------ ဟိုင်းလပ်ယာဉ်ကို စစ်ဆေးရာ မီးသွေးအိတ် ၅၅ အိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၁၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

၎င်းအား စစ်ဆေးချက်အရ ပစ္စည်းပိုင်ရှင် မာမတ်အီစွလာမ်(၄၀)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မီးသွေးအိတ် ၁၃ အိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း



စိတ်ကြွရူးသွပ်ဆေးပြား ၂၈၈၆၀၀၀ (၁ ပြားလျှင် ငွေကျပ် ၂၀၀၀ ဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၇၇၂၀)အား သိမ်းဆည်းရမိခဲ့၍ မူဟာမတ် ဟာရောပါ နှစ်ဦး (ဖမ်းမိ)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

**ချမ်းအေးသာစံမြို့နယ်**

မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ည ၁၁ နာရီခန့်က ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ၃၅ လမ်းအနီးတွင် သန့်ဇင်အောင် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရှာဖွေရာ ကက်တမင်း ငါးဂရမ်နှင့် Ecstasy ဆေးပြားနှစ်ပြားတို့အား သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ (အရှေ့) ရပ်ကွက်ရှိ ၎င်း၏ နေအိမ်အခန်းအား ဝင်ရောက်ရှာဖွေရာ ကက်တမင်း ၄၇၅ ဂရမ်၊ ရောင်စုံ Ecstasy ၁၁၈ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား၊ ဆေးခြောက် လေးဂရမ်၊ ရွှေအိုရောင်ဆေးတောင့် (စိစစ်ဆဲ) ငါးတောင့်နှင့် ငွေကျပ် ၁၅၀၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများ၏ပိုင်ရှင်ဖြစ်သူ ချမ်းအေးသာစံမြို့နယ် ရတနာတိုင်းပြည်အိမ်ရာနေ မမြင့်မြင့်ဝင်း (ခ) လုံမီးအား ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**တောင်ဥက္ကလာပမြို့နယ်**

အလားတူ မူးယစ်တပ်ဖွဲ့စု ၄၀ ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက တောင်ဥက္ကလာပမြို့နယ် အမှတ် ၆ ရပ်ကွက်နေ စိုင်းလောင်လျန်း(ခ)အားလျန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၉၀ နှင့် CU စာတန်းပါ အစိမ်းရောင် ဆေးပြား ၂၀ ကို လည်းကောင်း။

**ညောင်ရွှေမြို့နယ်**

အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တိလောကျေးရွာ အုပ်စု ပအိုဝ်းကုန်းကျေးရွာနေ ညွှန့်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၇ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ စီးကရက်စက္ကူပုံးကြီး ၂၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**
မောင်တောမြို့နယ်၌ တစ်ဖက်နိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်မည့် စီးကရက်စက္ကူပုံးကြီး ၂၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် မြောက်ပိုင်း တမန်းသားရဲကင်းစခန်း နယ်မြေအတွင်း ရဲတပ်ဖွဲ့ဝင်များ နယ်မြေစိုးမိုးရေး လှည့်ကင်း ဆောင်ရွက်နေစဉ် အောက်တိုဘာ ၂၀ ရက် ည ၉ နာရီခန့်တွင် သက်ကိုင်ညာကျေးရွာမှ တမန်းသားကျေးရွာသို့



ပြူးမချောင်းရိုးအတိုင်း အထုပ်အပိုးများသယ်ဆောင်လာသော အမျိုးသား ၁၀ ဦးအား တွေ့ရှိသဖြင့် ရပ်တန့်ရန် ပြောဆိုရာ ရပ်တန့်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ဘီအေ ၆၃ သေနတ်ဖြင့် နှစ်ချက် သတိပေးပစ်ခတ်ခဲ့ရာ အထုပ်အပိုးများအား ပစ်ချထွက်ပြေးသွားခဲ့ကြောင်း၊ အထုပ်အပိုးများအား စစ်ဆေးရာ တစ်ဖက်နိုင်ငံသို့ တရားမဝင် လမ်းကြောင်းမှ ပို့ဆောင်မည့် Marble တံဆိပ်ပါ စီးကရက်စက္ကူပုံးကြီး ၁၈ ပုံး၊ Man San တံဆိပ်ပါ စီးကရက်စက္ကူပုံးကြီး နှစ်ပုံး(စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃၆၀၀၀၀ ခန့်)ကို သိမ်းဆည်းရမိခဲ့သဖြင့် အောက်တိုဘာ ၂၁ ရက်တွင် အောင်ဇူနယ်မြေရဲစခန်း၌ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ-၈ ဖြင့် အမှုအရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒက္ခိဏသီရိမြို့နယ် အမြန်လမ်း ယာဉ်ရပ်နားစခန်းအနီး လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်း ယာဉ်ရပ်နားစခန်းအနီးတွင် လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းယာဉ်ရပ်နားစခန်းဝင်းတွင် လိုင်စင်မဲ့ယာဉ်များ ဝင်ထွက်သွားလာနေကြောင်း သတင်းအရ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ် (၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ စောင့်ဆိုင်းနေစဉ် ကားပါကင်အတွင်းသို့ ကိုစောထွန်း (၄၂)နှစ် ဝါးတောရပ်ကွက် မြဝတီမြို့နေသူ မောင်းနှင်လာသော MDY/--- အဖြူရောင်ယာဉ်နှင့် ကိုပြည့်ဖြိုးအောင် မောင်းနှင်လာသော YGN/---- ခဲစိမ်းရောင်ယာဉ်တို့အား ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများစစ်ဆေးရာ ပြသနိုင်ခြင်းမရှိသဖြင့် ပလွေးအမြန်လမ်းမကြီးရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရူပ (နေပြည်တော်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှု နှစ်မှု ဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယနေ့နံနက်ပိုင်းက မိုးရွာသွန်းချိန် ယာဉ်နှစ်စီး နာရီဝက်ခြား တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ အုတ်ရစ်ကုန်းအမြန်လမ်းအပိုင် မိုင်တိုင် ၇၉/၂ နှင့် ၇၉/၃ အကြား ထွန်းဦး မောင်းနှင်လာသော ကင်တာ ခြောက်ဘီး ယာဉ်မှာ ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်က မိုးရေဖြင့် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းပါ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ အမြန်လမ်းမကြီး၏ မိုင်တိုင် ၇၀/၇ နှင့် ၇၀/၀ အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ကိုကိုဇော် မောင်းနှင်လာသော Crown မော်တော်ယာဉ်မှာ နံနက် ၇ နာရီ ၃၅ မိနစ်က မိုးရေဖြင့် အရှိန်မထိန်း



နိုင်ဘဲ လမ်းဘေးကာရံထားသော အလူမီနီယံတန်းအား တိုက်မိရာ ယာဉ်ပေါ်ပါရှိသူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

သို့ပါ၍ယာဉ်မောင်းများအား သက်ဆိုင်ရာအမြန်လမ်းအပိုင် ရဲစခန်းများက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅၂၃ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၃၆ သန်း) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၈၅၉ သန်း)အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မြို့သို့ သွားရောက်မည့် AD Van ယာဉ် နှစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ၊ ခွဲသား သုည ဒသမ ၃၅၁ တန်နှင့် ပစ္စည်း သယ်ဆောင်လာသည့် ယာဉ် နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၀၅၃ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တောမော်ကျေးရွာနေ ဆန်းကို၏နေအိမ်အား သွားရောက်ရှာဖွေရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ ဆေးပြား ၁၅၀ ပါ တစ်ထုပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဆန်းကိုအား လုံးခင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သထုံမြို့တွင် ဆေးခြောက်နှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

**သထုံ အောက်တိုဘာ ၂၁**
သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မော်တော်ယာဉ်တစ်စီးအား စစ်ဆေးရာမှ ဆေးခြောက်နှင့် ဆိုင်ကယ် ၁၀ စီးစာ အစိတ်အပိုင်းများကို အောက်တိုဘာ ၂၁ ရက်က သိမ်းဆည်းရမိကြောင်း သိရသည်။

မှုခင်းနှိမ်နင်းရေးဌာန အဖွဲ့ခေါင်းဆောင်ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ဘားအံမှ သထုံသို့ သက်ထွန်းနိုင် မောင်းနှင်ပြီး သန်းဇော်ထိုက် လိုက်ပါလာသည့်ယာဉ်အား စစ်ဆေးရာ ထိုင်ခုံအောက်မှ ပလတ်စတစ်အကြည်အိတ် သုံးအိတ်ဖြင့်ထည့်ထားသော ဆေးခြောက်ဟုယူဆသည့် အရိုး၊ အရွက်၊ အစေ့ သုံးကျပ်တစ်မတ်သားခန့်နှင့် ထိုင်းနိုင်ငံလုပ် YAMAHA နှင့် HONDA အမျိုးအစား ဆိုင်ကယ် ၁၀ စီး အစိတ်အပိုင်းများအား တရားမဝင်တင်သွင်းလာကြောင်း တွေ့ရှိသဖြင့် သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန္ဒ**

## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၁၀-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | “နွဲစို့တူပျော်မီးမြင်းမိုရ်ပွဲတော်” |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ “အပျော် အပျက်” (ဝေဖြိုးဟိန်း၊ ဦးစံပေါ၊ ကိုချစ်ဦး၊ ကိုချမ်း၊ ခင်ဖြူဖြူသန့်၊ အေးချမ်းမြတ်ဖြိုး၊ ဒေါ်မာမာကြည်၊ ကလေးသရုပ်ဆောင်-ဘုန်းမင်းပိုင်၊ ထက်ဝေယံ) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | “ရဟန္တာမြတ်တစ်ပါးပေါ်ထွန်းခဲ့ရာ ညောင်လွန့်တောရသာသနာ့မြေမဟာ” |
| ၁၁း၁၅ | “အရောက်လှမ်းခဲ့နော် ကျောက်ဆည်ဆင်ပွဲတော်” |
| ၁၁း၂၅ | “ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းခြင်းနှင့်ဥပဒေ” |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၅၃) |
| ၁၃း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါချောင်အန်း” (အပိုင်း-၁၇) |
| ၁၄း၁၅ | Yes or No Talk Show |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ” (အပိုင်း-၃၁) (ဇာတ်သိမ်းပိုင်း) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၄၅ | “ကောင်းကျိုးဝေဖြာ သီတင်းကျွတ်ချိန်ခါ” |
| ၁၇း၂၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-အေးမြတ်သူ) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၅၄) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | “၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲနိုင်ငံရေးပါတီများ၏ ဟောပြောချက်” “လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ” -အနုပညာခန်းရိပ်သာ “စန္ဒရားပညာရှင် ဦးစိန်သောင်းနှင့် တွေ့ဆုံခန်း” -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝတစ်ခု အချစ်တစ်ခု” (အပိုင်း-၃၃) -အစီအစဉ်ပြီး၏။ |

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၂) အစီအစဉ်ပါစည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်လျှင်။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့ရမည်၊

(၂) မြီရှင်များထံ ပေးပို့သည့် အကြောင်းကြားစာတွင် အဆိုပြုပြောင်းလဲလိုသည့် အစီအစဉ်မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(ကက) မည်သည့်အတွက်ကြောင့် ထိုသို့ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့်ပြောင်းလဲမှုသည် အပိုင်း (၆) လုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ-မရှိ။

(ဂ) နည်းလမ်းတကျကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲ အများစုရရှိပါက ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေး သဘာပတိသည် အစီအစဉ်ကို ရပ်စဲရန် မဲခွဲဆုံးဖြတ်မည့်အစည်းအဝေးကို ထပ်မံကျင်းပရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် ထပ်ဆင့်မဲ အများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန်အတည်မပြုနိုင်ပါက အပိုင်း (၆) လုပ်ငန်းသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၁၃၈ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ်ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၃၉ နှင့်အညီ သက်ဆိုင်ရာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင်တစ်ဦးသည် ထိုသို့ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှု ရှိစေရန်အလို့ငှာ ထိုပြောင်းလဲပြင်ဆင်ချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက်မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၁၃၇။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှုမပြုလုပ်ခဲ့လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် အခြေအနေများဖြစ်ပေါ်လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်များအရ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်-

(၁) အစီအစဉ်ကြီးကြပ်သူကချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟုယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့် အချိန်ကာလ တစ်ရပ်ကုန်ဆုံးသွားလျှင်၊ သို့မဟုတ်

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ ၁၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ ကြွေးမြီစုစုပေါင်း တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အစည်းအဝေးခေါ်ယူပေးရန်တောင်းဆိုလျှင်။

(ဂ) အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲရန် မဲခွဲဆုံးဖြတ် ဆောင်ရွက်ရမည်။

(ဃ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သော မဲအများစု အရေအတွက်သည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ(စ) နှင့် (ဆ) ပါပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

(င) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၁၃၈။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် သက်ဆိုင်သည်-

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က အပိုင်း (၆) လုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ သို့မဟုတ် ဘဏ္ဍာရေး အခြေအနေတို့နှင့် သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံ ပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ဖြစ်စေ၊ ဆုံးဖြတ်ရန်အရေးပါသည့် အချက်အလက်ကို ထိမ်ချန်၍ဖြစ်စေ၊ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုစတင်ရန် မြီရှင်များ အစည်းအဝေးတွင် ဆုံးဖြတ်စဉ်က ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလုပ်လျှင် ဖြစ်စေ၊ သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန်ဆုံးဖြတ်ခဲ့စဉ်ကအပိုင်း (၆) လုပ်ငန်း၏ တွဲဖက် လုပ်ကိုင်သူများ၏ ဆက်နွယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့လျှင်ဖြစ်စေ၊

(၄) စာချုပ်ပါစည်းကမ်းချက်တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသော အချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများကို မမျှမတဘက်လိုက်လျှင် သို့မဟုတ် မမျှမတ အဆင့်အတန်းခွဲခြားလျှင် သို့မဟုတ် အပိုင်း(၆) လုပ်ငန်းမြီရှင်အားလုံး၏အကျိုးကို ဆန့်ကျင်နေလျှင် ဖြစ်စေ၊ သို့မဟုတ်

(၅) လိုက်နာရန်တာဝန်ရှိသူ တစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင် ဖြစ်စေ၊ သို့မဟုတ်

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှုမဖြစ်စေဘဲ ပြန်လည်ထူထောင်ရေး အစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်လျှင် ဖြစ်စေ၊ သို့မဟုတ်

(၇) အစီအစဉ် ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေး အစီအစဉ် သို့မဟုတ် ၎င်း၏တာဝန်များကို ဆန့်ကျင်ဆောင်ရွက်လျှင်ဖြစ်စေ၊ သို့မဟုတ်

(၈) အပိုင်း (၆) လုပ်ငန်းသည် ဤဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်းမပြည့်မီသည့် အပိုင်း (၆) လုပ်ငန်းဖြစ်လျှင်ဖြစ်စေ။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ အပိုင်း (၆) လုပ်ငန်း၏ အစီအစဉ် ရပ်စဲခြင်းသည် ယခင်ဆောင်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက အစီအစဉ်တစ်စုံတစ်ရာ ရပ်စဲကြောင်း အမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည်ဟုထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲ အမိန့်များလည်း ချမှတ်နိုင်သည်-

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကိုဖြစ်စေ ချိုးဖောက်သူတစ်ဦးဦး၊

(၂) အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ တစ်ဦးဦး။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟုယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

**အခန်း (၆)**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့်အခြေအနေ**

၁၃၉။ (က) အောက်ပါအခြေအနေများတွင် အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်ပါက မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရေးသို့ ကူးပြောင်းမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်ပါက တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာ အမိန့်ချမှတ်ပြီး ယုံမှတ်အပ်နှံခြင်းခံရသူကို ခန့်အပ်ရမည်-

(၁) မြီရှင်များသည် ပုဒ်မ ၁၃၆ နှင့် ၁၃၇ တို့အရ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို စတင်နိုင်ခြင်းမရှိဘဲ အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပြီးဆုံးခြင်း သို့မဟုတ် ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (င) တွင် သတ်မှတ်ထားသည့် အချိန်အတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့လျှင်၊ သို့မဟုတ်

(၃) ပုဒ်မ ၁၂၃ အရ ပြုလုပ်သော အစည်းအဝေးတွင် မြီရှင်များက အပိုင်း (၆)လုပ်ငန်း၏ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၄) ပုဒ်မ ၁၃၈ အရ တရားရုံးက ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရပ်စဲမည်ဟု ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၅) ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ (ဃ) ပါ အခြေအနေများ ပေါ်ပေါက်ခဲ့ပြီး အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးက အဆိုပါ အခြေအနေများကို ပြင်ဆင်ရန် ယင်းလုပ်ငန်းသို့စာဖြင့်ရေးသား အကြောင်းကြားခဲ့သော်လည်း အကြောင်းကြားစာရရှိပြီး ၁၄ ရက်အတွင်း ပြင်ဆင်ခဲ့ခြင်းမရှိလျှင်။

(ခ) ကူးပြောင်းသည့်အချိန်အထိ အောက်ပါအခြေအနေများ မပေါ်ပေါက်လျှင် ဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစီအစဉ် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(၁) မြီရှင်များက အခြား လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်သည်ကို စာဖြင့် ရေးသားသဘောတူခြင်း မရှိလျှင်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ကူးပြောင်းကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့ပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့်နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်အားဆောင်ရွက်နေသော အပိုင်း (၆) လုပ်ငန်းအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေတွင် သတ်မှတ်ဖော်ပြနိုင်သည်။

**အခန်း (၇)**

**မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**အပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် အပိုင်း (၇) နှင့် သက်ဆိုင်ခြင်း**

၁၄၀။ ဤအခန်းတွင် ဖော်ပြပါရှိသည်မှအပ အပိုင်း(၇)ပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

**လျှောက်ထားခြင်းနှင့် လျှောက်လွှာအတွက် အခွန်အခများ**

၁၄၁။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို တရားရုံးသို့ လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ မှတ်ပုံတင်ရန်လျှောက်ထားခြင်းသည် ယင်းလုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းဖြစ်လျှင် နည်းဥပဒေတွင် ဖော်ပြထားသည့် ပေးသွင်းရမည့်အခွန်အခ၏ ငါးဆယ်ရာခိုင်နှုန်းကို ပေးသွင်းရမည်။

**သက်သေအထောက်အထားနှင့် တောင်းဆိုချက်၏ ဦးစားပေးအစီအစဉ်**

၁၄၂။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ယင်းလုပ်ငန်း၏တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ၏ သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုသည် အာမခံအကျိုးခံစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သို့မဟုတ် ဦးစားပေးခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံး ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတို့နှင့် နှိုင်းယှဉ်လျှင် မြီရှင်အားလုံး ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ဦးစားပေးရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပေးချေနိုင်စွမ်းမရှိသော ကုန်ကျစရိတ်များကို ကျခံရန် တာဝန်မရှိခြင်း**

၁၄၃။ (က) အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုန်ကျစရိတ်များအတွက် လုပ်ငန်းတွင် လုံလောက်သော ပိုင်ဆိုင်မှုမရှိပါက ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ထိုကုန်ကျစရိတ်များကို ကျခံရန်တာဝန်မရှိစေရ။

(ခ) ပုဒ်မခွဲ(က) ပါ ယေဘုယျပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်မရှိစေရ-

(၁) ပုဒ်မ ၁၇၈ တွင်ပြဋ္ဌာန်းထားသော စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၂) အပိုင်း (၇)၊ အခန်း (၈) တွင် ပြဋ္ဌာန်းထားသည့် ၎င်းကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီကဆောင်ရွက်နိုင်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် ဆောင်ရွက်မှု တစ်စုံတစ်ရာကိုဆောင်ရွက်ခြင်း၊ (စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ကာလနှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆို အရေးယူခြင်း . . စသည်)

(ဂ) အပိုင်း (၆) လုပ်ငန်း၏မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်လျှင် မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက စာရှင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုန်ကျခဲ့သည့် သီးခြားစရိတ်ကို မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက ပြန်လည်ပေးဆပ်ရမည်ဆိုသည့် စည်းကမ်းချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို အပိုင်း (၆) လုပ်ငန်းအတွက် ကုန်ကျစရိတ်အချို့အား စိုက်ထုတ်ကျခံပေးစေရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(ဃ) ဤပုဒ်မသည် ဤဥပဒေပါပုဒ်မတစ်ခုခုအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ တင်သွင်းရမည့်တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ကျခံရသည့်ကုန်ကျစရိတ်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မမှတ်ယူရ။

**ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၁၄၄။ (က) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခံပြီးနောက် ကုမ္ပဏီတွင် မြီရှင်များအား ခွဲဝေပေးရန်အတွက် ပစ္စည်းတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိလျှင် ထိုသို့တွေ့ရှိကြောင်းကို နည်းဥပဒေတွင်ဖော်ပြထားသော ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ(က) အရ အကြောင်းကြားစာ မပေးပို့မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုသို့ပေးပို့မည်ကို အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍ နေရပ်လိပ်စာသိရှိသော အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံးထံသို့ အသိပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုန်ကျမည့် ကုန်ကျစရိတ်များသည် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုထက် ကျော်လွန်နေသည့်တိုင် လုပ်ငန်း၏မြီရှင်မှ ယင်း ကုန်ကျစရိတ်ကို ပေးချေရန်တာဝန်ယူလျှင် ၎င်းမြီရှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိမှ လုပ်ငန်းအား ဆောလျင်စွာ ဖျက်သိမ်းခြင်းမပြုရန် လျှောက်ထားလာပါက တရားရုံးသည် ပုဒ်မခွဲ (က) ပါ အကြောင်းကြားစာအား ပေးပို့ခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(င) တရားရုံးသည် အခြားနည်းအမိန့်မချမှတ်လျှင် ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာကို မှတ်ပုံတင်စာရင်းရေးသွင်းသည့်နေ့မှ သုံးလပြည့် မြောက်သည့်နေ့တွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ပုဒ်မခွဲ (င) တွင်ဖော်ပြထားသည့် သက်တမ်းကုန်ဆုံးသွားသည့်တိုင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင် သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးမှ လျှောက်ထားလာပါက တရားရုံးသည် ယင်းလုပ်ငန်းအား မူလအတိုင်း မှတ်ပုံတင်ထားရှိစေရန် မှတ်ပုံတင်အရာရှိသို့ ညွှန်ကြားနိုင်သည်။

**အပိုင်း (၇)**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**အခန်း (၁)**

**ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများအားဖျက်သိမ်းခြင်း**

**နိဒါန်း**

**ဤအပိုင်းနှင့်သက်ဆိုင်ခြင်း**

၁၄၅။ (က) ဤအပိုင်းသည် အောက်ပါအဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်-

(၁) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီနှင့်

(၂) ကုမ္ပဏီများဥပဒေ ပုဒ်မ ၃ အရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းနှင့် အဖွဲ့အစည်းအား အစားထိုးပြောင်းလဲထားသော ကုမ္ပဏီ၊

(၃) အခန်း (၁၀) တွင် ဖော်ပြပါရှိပြီး အခန်း (၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများစာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

(ခ) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ တစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၊ သို့မဟုတ်

(၂) တရားရုံးက ဖျက်သိမ်းခြင်း။

**ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း**

၁၄၆။ ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နေလျှင် ထိုအပိုင်းများအရ ခွင့်ပြုထားသည်မှတစ်ပါး မိမိဆန္ဒအလျောက်ဖြစ်စေ၊ တရားရုံး၏အမိန့်အရဖြစ်စေ မည်သည့်ဖျက်သိမ်းခြင်းကိုမျှ စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၄၇။ (က) ဤအခန်းအရ အောက်ဖော်ပြပါ အခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးလျှင် သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(၂) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(၃) အပိုင်း (၅) နှင့် အပိုင်း (၆) တို့တွင် ဖော်ပြထားသော အခြေအနေများ ဖြစ်ပေါ်လျှင်။

(ခ) ဤအပိုင်းတွင် **ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဆုံးဖြတ်ချက်** ဆိုသည်မှာ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) နှင့်အညီ ချမှတ်သော ဆုံးဖြတ်ချက်ကို ဆိုသည်။

**ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြီရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို ခွဲခြားခြင်း**

၁၄၈။ ပုဒ်မ ၁၅၁ အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်၍ ဖျက်သိမ်းလျှင် **ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**ဖြစ်ပြီး အဆိုပါ ကြေညာချက်ကိုပြုလုပ်ခြင်းမရှိလျှင် **မြီရှင်များဆန္ဒအလျောက်ဖျက်သိမ်းခြင်း** ဖြစ်သည်။

**ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲခြင်း။**

၁၄၉။ ကုမ္ပဏီသည်ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရုံမျှဖြင့် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၏ တရားရုံးကဖျက်သိမ်းပေးရန် လျှောက်ထားခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။ ထိုအခွင့်အရေးအရ ကြွေးမြီဆပ်ရန်တာဝန်ရှိသူတစ်ဦးမှ လျှောက်ထားလာလျှင် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြင့် ၎င်းတွင် နစ်နာမည်ဖြစ်ကြောင်းကို တရားရုံးက ယုံကြည်ပါက ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်**

၁၅၀။ အောက်ပါအခြေအနေများတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည်ဟု မှတ်ယူရမည်-

(က) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ထိုဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်သည့် အချိန်၊

(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်းဖြစ်ပါက ထိုပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ် စတင်သည့်အချိန်၊

(ဂ) တရားရုံး၏အမိန့်အရ ဖျက်သိမ်းခြင်းဖြစ်လျှင်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေချိန်တွင် အမိန့်ချမှတ်ခြင်းဖြစ်ပါက ထိုသို့ ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကို ချမှတ်သည့်အချိန်၊

(၂) သို့တည်းမဟုတ် ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်လွှာကို စတင်တင်သွင်းသည့် အချိန်။

**အခန်း (၂)**

**ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်**

၁၅၁။ (က) ပုဒ်မ၁၄၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ အခြေအနေတို့အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရန် အဆိုပြုသည့်အခါ ဒါရိုက်တာများအစည်းအဝေးတွင် ဒါရိုက်တာအများစုသည် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝစုံစမ်းခဲ့ပြီး ကုမ္ပဏီသည် ဖျက်သိမ်းမှုစတင်ပြီးချိန်မှ တစ်နှစ်ထက်မကျော်သည့် ကာလအတွင်း ယင်း၏ ကြွေးမြီကို အတိုးနှင့်တကွ ပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆလျှင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်မှုမရှိစေရ-

(၁) ဖျက်သိမ်းမှုအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် ရက်မတိုင်မီ သုံးပတ်အတွင်း ယင်းကြေညာချက်ကို ပြုလုပ်ခဲ့ခြင်း မရှိလျှင်၊ ထို့ပြင်

(၂) ကြေညာချက်မပြုလုပ်မီ နောက်ဆုံးရက်အထိ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့်အချက်များ ပါဝင်သော ထုတ်ပြန်ချက် ပြုလုပ်ခဲ့ခြင်း မရှိလျှင်။

(ဂ) အများပိုင်ကုမ္ပဏီ သို့မဟုတ် ယင်းအများပိုင်ကုမ္ပဏီကသာ ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီဖြစ်ပါက ပုဒ်မခွဲ(ခ) အရ ဒါရိုက်တာများက ပြုလုပ်သော ထိုကြေညာချက်ကို ယင်းကုမ္ပဏီမှ စာရင်းစစ်များ၏ထောက်ခံသည့် အစီရင်ခံစာဖြင့် ပူးတွဲတင်ပြရမည်။

(ဃ) ထိုကြေညာချက်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(င) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီက ယင်း၏ ကြွေးမြီကို အတိုးနှင့်တကွ သတ်မှတ်သည့် အချိန်ကာလတွင် အပြည့်အဝပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆရန် ခိုင်လုံသော အကြောင်းမရှိဘဲ ဤပုဒ်မအရ ကြေညာချက်ပြုလုပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်ဆယ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(စ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ပြုလုပ်ပြီးနောက် သုံးပတ်အတွင်း ချမှတ်သည့် ဆုံးဖြတ်ချက်အရ ကုမ္ပဏီဖျက်သိမ်းခြင်းပြုပြီး ယင်း၏ကြွေးမြီနှင့်အတိုးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အပြည့်အဝပေးချေနိုင်ခြင်းမရှိကြောင်း ဆန့်ကျင်ကွဲလွဲသည့် အထောက်အထားတင်ပြနိုင်ခြင်း မရှိလျှင် ဒါရိုက်တာ၏ ထင်မြင်ယူဆချက်အား ယုံကြည်ရန်လုံလောက်သော အကြောင်းမရှိခဲ့ဟု မှတ်ယူရမည်။

(ဆ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို နည်းဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ခြင်းမပြုပါက ယင်းပျက်ကွက်မှုအတွက် မှတ်ပုံတင်အရာရှိသည် တာဝန်ရှိသူ အရာရှိတိုင်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၅၂။(က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရာတွင် ကုမ္ပဏီ ဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေရန်အတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို ခန့်အပ်ရမည်။

(ခ) ခန့်အပ်ခံရသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့် ရေးသားတင်ပြရမည်။

**ကုမ္ပဏီကကြွေးမြီမပေးဆပ်နိုင်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၁၅၃။(က) ပုဒ်မ ၁၅၁ အရ ပြုလုပ်ခဲ့သည့်ကြေညာချက်တွင် ဖော်ပြခဲ့သည့်ကာလအတွင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သင့်လျော်သည်ဟုယူဆသော နောက်ထပ်သတ်မှတ်ကာလတစ်ခုအတွင်း ကုမ္ပဏီသည် ယင်း၏ ကြွေးမြီကို အပြည့်အဝပေးနိုင်ရန် အကြောင်းမရှိဟု ပုဒ်မ ၁၅၂ အရ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထင်မြင်ယူဆသည့်အခါ ၎င်းသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ထိုသို့ ယူဆသည့်နေ့၏ နောက်မှစတင်ရေတွက်လျက် ၂၈ ရက်ထက် နောက်မကျစေဘဲ မြီရှင်များ အစည်းအဝေးကို ခေါ်ယူခြင်း၊

(၂) မြီရှင်များအစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက်မနည်းစေဘဲ မြီရှင်များထံ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာ ပေးပို့ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# ရသုံးခန့်မှန်းခြေငွေစာရင်းအချက်အလက်စာစောင်မိတ်ဆက်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၂၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို အများပြည်သူသိရှိလေ့လာနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမှတ်တိုင်အဖြစ် ထုတ်ဝေသည့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen’s Budget) စာစောင်မိတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေများစီမံခန့်ခွဲရာတွင် ပြည်နယ်အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေသုံးစွဲလျက်ရှိပါကြောင်း၊ ယခုထုတ်ပြန်သောစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအနေဖြင့် နိုင်ငံတကာနည်းတူ ပြည်သူသို့ချပြရသည့် ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာရှစ်စောင်အနက်မှ နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen’s Budget) ဖြစ်ပါကြောင်း၊ နောင်တွင်လည်း အစိုးရ၏ပြည်သူနှင့်အတူဆိုသည့် ဆောင်ပုဒ်နှင့်အညီ နှစ်စဉ် ပြည်နယ်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းများကို ပြည်သူများသိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က အဆိုပါစာစောင်ကို မိတ်ဆက်ရှင်းလင်းပြီး စာစောင်ပါအကြောင်းအရာများကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက စာစောင်တွင်ပါဝင်သော အကြောင်းအရာအချက်အလက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူလူထုလက်ဝယ်သို့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုးကုတ်မြို့တွင်အမျိုးသမီးကော်မတီနှင့်အထူးကုဆရာဝန်ကြီးများ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မိုးကုတ် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီအဖွဲ့ကကြီးမှူး၍ အထူးကုဆရာဝန်ကြီး ၁၄ ဦး ပါဝင်သော ကျန်းမာရေးဝန်ထမ်းများက အောက်တိုဘာ ၂၁ ရက်တွင် မိုးကုတ်မြို့နယ် သဒ္ဒတ်လျိုကျေးရွာအုပ်စု ဘော်ဗဒါန်းကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများအား ဆေးကုသပေးခြင်း၊ သက်ကြီးရွယ်အိုများအား ကန်တော့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်း စသည့် လူထုအကျိုးပြုလုပ်ငန်းများကို အဆိုပါ ကျေးရွာရှိဘော်ဗဒါန်းကျောင်းတိုက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်အားပေးခဲ့ကြသည်။

“ကျေးလက်နဲ့ မြို့ပြကျန်းမာရေးကွာဟချက်တွေရှိနေပါသေးတယ်။ ပြည်သူတွေ ဆေးကုသမှုအတွက် ကိုယ့်ပိုက်ဆံနဲ့ စိုက်ထုတ်သုံးစွဲနေရတာတွေကို သက်သာသွားအောင် တဖြည်းဖြည်းလုပ်သွားမှာပါ။ ဒီနေ့ ဆေးကုသမှုခံယူကြတဲ့ ပြည်သူတွေ ဒီထက်ပိုပြီး ကျန်းကျန်းမာမာရှိကြပါစေ”ဟု ဝန်ကြီးချုပ်က မှာကြားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်အပေါ်ထပ်တွင် ဆရာတော်၏ ဩဝါဒခံယူ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသက် ၇၀ အထက် သက်ကြီးဘိုးဘွား ၁၀၀ ကျော်အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင် ၈၀ ကျော်အား အင်အားပြည့် အစားအစာများ ထောက်ပံ့ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ဒုတိယတန်း ကျောင်းသား ကျောင်းသူ ၂၀၀ ကို အားဖြည့်နွားနို့အာဟာရတိုက်ကျွေးကြပြီး အထူးကုဆရာဝန်များက ဒေသခံပြည်သူများကို ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အထူးကုဆရာဝန်၁၄ ဦး ပါဝင်သော အဖွဲ့ ၏ ဆေးကုသမှုတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ၂၄၄ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၆၂ ဦး၊ အရိုးနှင့် ပတ်သက်သောရောဂါဆိုင်ရာ ၁၆၁ ဦး၊ သွားရောဂါဆိုင်ရာ ၆၄ ဦး၊ ကလေးရောဂါဆိုင်ရာ ၅၇ ဦး၊ သားဖွားမီးယပ်ဆိုင်ရာ ၅၁ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာ ကိုးဦးစသည်ဖြင့် စုစုပေါင်း လူနာ ၇၄၈ ဦး တို့ကို ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးနိုင်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# အားကစားဆိုင်ရာအာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အာဆီယံဒေသအတွင်းရှိ နိုင်ငံသားများ ပိုမိုကျန်းမာကြံ့ခိုင်လာစေရန် အားကစားလှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံခေါင်းဆောင်ကြီးများသည် ASEAN Ministerial Meeting On Sports (AMMS) အားထောက်ပံ့ကူညီပေးရန် ကတိပြုခဲ့ပါကြောင်း၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ရည်ရွယ်ချက်၊ ပြဋ္ဌာန်းချက်၊ လုပ်ငန်းတာဝန်များ၊ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်မှုများ၊ အသေးစိတ်ဖော်ပြချက်၊ ကြေညာချက်များ၊ ဘဏ္ဍာရေးဆိုင်ရာစီမံချက်၊ အဆိုပြုချက်များအကောင်အထည်ဖော်ခြင်းများ၊ ပြန်လည်သုံးသပ်ချက်များ ပါဝင်ပါကြောင်း၊ ၂၀၁၇ ခုနှစ် နေပြည်တော်တွင် ကျင်းပသော AMMS - 4 အစည်းအဝေးတွင် ပူးတွဲကြေညာချက် ၁၀ ချက် ပါဝင်ခဲ့ပြီး ထိုကြေညာချက်များတွင် အဓိကအားဖြင့်လူနေမှုဘဝအခြေအနေတွင် ပိုမိုကျန်းမာစွာနေထိုင်နိုင်ရေး၊ ရင်းနှီးချစ်ကြည်စွာ နေထိုင်နိုင်ရေး၊ ဒေသတွင်းသာမက နိုင်ငံတကာအဆင့်နှင့်အညီ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အားကစားစိတ်ဓာတ် မြှင့်တင်စေနိုင်ရေးတို့အတွက် ဖြစ်ပါကြောင်း၊ ASEAN Physical




Fitness Indicators (APFI)၏ ဆောင်ရွက်ပုံဖော်မှုများသည် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အစီအစဉ်များမှ တစ်ဆင့် အားကစား လုပ်ဆောင်နိုင်စွမ်း တိုးမြင့်လာကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများက အခမ်းအနားအစီအစဉ်အလိုက် အသီးသီးဆွေးနွေးကြရာ ထိုင်းနိုင်ငံမှ SOMS-7 ၌ တင်ပြဆွေးနွေးခဲ့သော ၂၀၃၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာအပါအဝင် အခြားနိုင်ငံများမှ ပူးပေါင်း၍ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးအတွက် အဆိုပြုချက်များအား တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံမှ ဦးဆောင်၍ အာဆီယံဒေသတွင်းနိုင်ငံများမှ ရိုးရာအားကစားနည်းများ မပျောက်ကွယ်စေဘဲ နိုင်ငံအလိုက် ရိုးရာအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ အကူအညီကိုရယူ၍ အာဆီယံရိုးရာစွယ်စုံကျမ်းကဲ့သို့ ပြုစုဆောင်ရွက်နိုင်ရေး၊ အာဆီယံဒေသတွင်းရှိ ပြည်သူများ Physical Fitness Indicators များနှင့် အချက်အလက်များကို ရှာဖွေစုဆောင်းပြီး ထိုင်းနိုင်ငံက ဦးဆောင်၍ Fitness Test များကို ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများကို စမ်းသပ်ဆောင်ရွက်နိုင်ရေး အတည်ပြုချက်ရယူရေး၊ အားကစားတွင် အမျိုးသမီးများ၊ လူငယ်လူရွယ်များ ပိုမိုပါဝင်နိုင်ရေးကိစ္စရပ်များ၊ TV Games (E Sports) များကို ဝိုင်းဝန်းဆွေးနွေးကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက အာဆီယံကဦးဆောင်၍ ၂၀၁၆ မှ ၂၀၂၀ တွင် အားကစားနှင့်ပတ်သက်၍ လုပ်ငန်းစဉ် ၃၆ ချက်ကို ၇၁ ရာခိုင်နှုန်းပြီးစီးအောင် လုပ်ဆောင်ခဲ့မှုများ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် ၁၃ ချက်ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် အာဆီယံဒေသတွင်း အားကစားပြိုင်ပွဲဝင်များ၌ တားမြစ်ဆေးသုံးစွဲမှုပပျောက်ရေးနှင့် ပညာပေးဆိုင်ရာများ၊ နိုင်ငံတကာ တားမြစ်ဆေးသုံးစွဲမှုတိုက်ဖျက်ရန် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက SOMS-7 အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဖတ်ကြားပြီး အာဆီယံဆိုင်ရာ ကိုယ်စားလှယ်အရာရှိကြီးများက ဝိုင်းဝန်းဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ **သတင်းစဉ်**

# မြောင်းမြတွင် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မြောင်းမြ အောက်တိုဘာ ၂၂**

ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းဖြစ်ပေါ်နိုင်သည့် အခြေအနေများကြောင့် မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများထားရှိခြင်း၊ နေ့/ည တာဝန်ချထားမှုများ ဆောင်ရွက်ခြင်းနှင့် မုန်တိုင်းအန္တရာယ် သတိပေးနှိုးဆော်ချက်များကို မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကြေညာခြင်း၊ မြစ်ချောင်းအနီး နေထိုင်သူများ၊ ကမ်းနီး ကမ်းဝေးငါးဖမ်းထွက်သူများအား သတိပြုနေထိုင်ကြရန် လိုက်လံနှိုးဆော်ထားကြောင်း သိရသည်။ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း မြို့လယ်ရှိ နံရံကပ်ဘုတ်တွင် မုန်တိုင်းအန္တရာယ်သတိပေးပိုစတာများ၊ မုန်တိုင်းအသိပေးစာစောင်များ ကပ်ထားပြီး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## တိုတိုထွာထွာဖတ်စရာ

### အလုံမြို့နယ် သတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်သတင်းစာဆရာအသင်း အသက် ၇၅ နှစ်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် ညနေ ၆နာရီက အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ စကိုင်းဝေး ခန်းမ၌ ကျင်းပရာ အလုံမြို့နယ်သတင်းစာဆရာအသင်း နာယက၊ တိုင်းဒေသကြီးသတင်းစာဆရာအသင်း အလုပ်အမှုဆောင် စာရင်းစစ် ဦးမောင်မောင် (မောင်မောင်-လှျပ်စစ်)နှင့် မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးမောင်မောင် (အောင်သန့်နောင်)တို့က အမှာစကားပြောကြားသည်။

ထို့နောက် အလုံမြို့နယ်သတင်းစာဆရာအသင်း ဒု-ဥက္ကဋ္ဌ ဦးအောင်စိုး (အောင်စိုး-အလုံ)က သက်ကြီးပူဇော်ပွဲပြုလုပ်ရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး သတင်းစာဆရာများက အသက် (၇၆)နှစ်ရှိ သတင်းစာဆရာ ဦးမောင်မောင်(မောင်မောင်-ယထ)အား ကန်တော့ခံပစ္စည်းများနှင့် ကန်တော့ငွေများကို ပေးအပ်သည်။

**ကိုတင်မောင်ဦး (အလုံ)**

### ကလေးမြို့တွင် စာဖတ်ဝိုင်းပြုလုပ်

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာရေးဆရာဖေမြင့်၏ 'စဉ်းစားခြင်း' စာအုပ်ကို စာဖတ်ဝိုင်း အဖြစ်အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကလေးမြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆရာဦးကြည်သာငြိမ်းက ဦးဆောင်ဆွေးနွေးပြီး စာပေဝါသနာရှင် ၃၀ တို့ဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

စာဖတ်ဝိုင်းသို့ ပညာရေးနယ်ပယ်မှ စာပေစိတ်ဝင်စားသူ ဆရာ ဆရာမများ၊ ကလေးမြို့နယ် မောက်လင်းကျောင်းတိုက်၊ သာစည်၊ ထိုမာ၊ ငါးဖားကျေးရွာတို့မှ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့ပေါ်ဌာနဆိုင်ရာ များနှင့်ရပ်ကွက်ရှိ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**ချင်းတွင်းသား**

### တွံတေးမြို့နယ်တွင် မုန်တိုင်းသတိပေးနှိုးဆော်ထား

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၂၁ ရက်၊ ၂၂ ရက် နံနက်ပိုင်းမှ စတင်၍ အမြဲမပြတ်သတင်းထုတ်ပြန်လျက်ရှိသည်။

တွံတေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကြိုတင်သတိရှိစေရန် အတွက် မုန်တိုင်းငယ်သတင်းကို အချိန်နှင့် တစ်ပြေးညီ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက် နံရံကပ်ဘုတ်နှင့် ရုံးတွင်းနံရံကပ် ပြဘုတ်များတွင် ပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေး ပြသဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

### တာမွေမြို့နယ်၌ ဓာတ်အားခွဲရုံကြီးတစ်ရုံတည်ဆောက်

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေကြီး (က+ဂ)ရပ်ကွက် တာမွေယာယီဈေး အနောက်ဘက် မြေကွက်လပ်တွင် မြို့နယ်အတွင်း ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ADB ချေးငွေဖြင့် ဝယ်ယူထားသည့် ၆၆/၁၁×၆.၆ kV, ၂×၃၀ MVA Transformer and 66kV GIS ဓာတ်အားခွဲရုံကြီး တစ်ရုံ အသစ်တိုးချဲ့ တည်ဆောက်လျက်ရှိသည်။

ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ရေးကော်ပိုရေးရှင်းမှတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် လျှပ်စစ်မန်နေဂျာ များက လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**၅၉၇**

### ဥကပ်ပါးနကျယ်ကတ်ချိတ်ခြင်းနှင့် မီးထောင်ချောက်ထွန်းညှိ

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာအုပ်စုတွင် မိုးစပါး ဆစ်ပိုးနှင့် အခြားဖျက်ပိုးများ ကာကွယ်ရန် ဥကပ်ပါးနကျယ်ကတ်ချိတ်ခြင်းနှင့် မီးထောင်ချောက်ထွန်းညှိခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက တောင်သူ ၈၉ ဦး၏ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ (မြို့သစ်) ၏ ၃၀၅ ဧကတွင် လက်တွေ့ပညာပေး သရုပ်ပြဆောင်ရွက်ခဲ့သည်။

နကျယ်ကတ်တစ်ကတ်တွင် နကျယ်ကောင်ပေါင်း ၁၀၀၀ ပါရှိပြီး စပါးတစ်ဧကတွင် တစ်ကြိမ်လွှတ်ရမည် ဖြစ်ကြောင်း၊ တစ်ကြိမ်လွှတ်လျှင် ကတ်ပေါင်း ၄၀ ကတ်လွှတ်ရပြီး ဥကပ်တစ်ကတ်နှင့် တစ်ကတ် ၁၀ မီတာ အကွာတွင် ထားရမည်ဖြစ်ကြောင်း၊ နကျယ်မလွှတ်ခင် တစ်ပတ်နှင့် လွှတ်ပြီးနောက်တစ်ပတ် အတွင်း စပါးခင်းကို ပိုးသတ်ဆေးလုံးဝ မဖျန်းရကြောင်း သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မာချို၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

# ဆယ်ပြည့်ကပ်ကျော်အေးစေတီတော် ထီးတော်တင်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ဆယ်ပြည့်ကပ်ကျော်အေးစေတီတော်မြတ်အား ထီးတော်တင်လှူပူဇော်ခြင်း နှင့် ရွှေကျောင်းတော် အထက်ဘုံအဆင့်ဆင့်တို့အား ထီးတော်တင်လှူပူဇော်ပွဲ၊ ရွှေကျောင်းတော်အား သာသနိက စေတိယသန္တကအဖြစ် ရေစက်ချလှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက အဆိုပါ စေတီတော်၌ ကျင်းပသည်။

ဆယ်ပြည့်ကပ်ကျော်အေးစေတီတော် ထီးတော်ဘုံအဆင့်ဆင့်အား ဆရာတော်၊ သံဃာတော်များနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး အမှတ် (၁)လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် စေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများ၊ အလှူရှင်များက ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား မင်္ဂလာအချိန်တွင် တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ရွှေကျောင်းတော် အထက်ဘုံအဆင့်အဆင့်အား ဆရာတော်၊ သံဃာတော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ရန်ကုန် တောင်ပိုင်းခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ၊ ကျိုက်ခေါက်စေတီတော်မြတ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)၊ အလှူရှင်များက ရွှေကျောင်းတော် အထက်ဘုံအဆင့်ဆင့်တို့အား ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြပြီး ရွှေမိုးငွေမိုးများကြဲကြကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**

# သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေများရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ သစ်တောလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းရှင်များနှင့် ပြည်သူများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သစ်တောစိုက်ခင်း တည်ဆောက်ခြင်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီး ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်က ချမှတ်သည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်းဖြင့် ထာဝစဉ်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက သစ်တောဥပဒေနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်



ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းရှင်များနှင့် ပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်(ပြန်/ဆက်)**

# အမြန်ရေယာဉ်များရှိ အထက်တန်း လူစီးအခန်းများဖြုတ်သိမ်းရန် ညွှန်ကြားချက်ထုတ်ပြန်ထား

**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့နယ်မှ အထက်ချင်းတွင်းဒေသများသို့ ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရေယာဉ်များရှိအထက်တန်းလူစီးခန်းများသည် ရေယာဉ်၏ တည်ငြိမ်မှုကိုထိခိုက်နိုင်သဖြင့် ဖြုတ်သိမ်းကြရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များအနေဖြင့် အထက်မြန်မာပြည် ရေတိမ်သွားခရီးသည်တင်ရေယာဉ် စံချိန်၊ စံညွှန်းများကိုက်ညီမှု ရှိ၊ မရှိကို တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးခြင်း ခံယူထားပြီးဖြစ်သော လူစီးအမြန်ရေယာဉ်များသည် ခရီးသည်များ အဆင်ပြေစွာလိုက်ပါနိုင်ရန် ပင်မကုန်းပတ် (သို့မဟုတ်) လှိုင်းကာအမြင့်တွင်အခင်းခင်းပြီး သီးသန့်အခန်း၊ ဟောခန်းတပ်ဆင်ရန် ရေယာဉ် တစ်စီးချင်းအလိုက် တည်ငြိမ်မှုတွက်ချက်ရယူမှုအပေါ် မူတည်ပြီးခွင့်ပြုထားသော်လည်း သတ်မှတ်ချက်ထက် ကျော်လွန်ပြီး အထပ်မြင့် လူစီးခန်းများ တပ်ဆင်ထားသည့် အမြန်ရေယာဉ်များအနေဖြင့် ပြန်လည်ဖြုတ်သိမ်းကြရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

"အထက်တန်းလူစီးခန်းတွေက မြင့်တယ်၊ ရေယာဉ်တွေရဲ့ တည်ငြိမ်မှုကို နှောင့်ယှက်တယ်၊ တည်ငြိမ်မှုမကောင်းဘူး၊ ရေယာဉ်ခုတ်မောင်းရင်း ရေစီးကြောင်းတွေ ရုတ်တရက်ရေစီးသန်တာတို့ အကွေ့တွေမှာ အပေါ်ဝိတ်များရင်တိမ်းစောင်းနိုင်တယ်၊ အဲဒါကြောင့်အထက်တန်းတွေကိုဖြုတ်ခိုင်းတာပါ၊ ရေယာဉ်တည်ဆောက်စဉ်က တပ်ထားတာတွေရှိတယ်၊ အပေါ်ဝိတ်မများအောင် တပ်ထားတာတွေဖြုတ်ရမှာပါ၊ မဖြုတ်ဘူးဆိုရင်တော့ အရေးယူမှုတွေရှိလာမှာပါ၊ အထက်တန်းတွေကို ဖြုတ်ခိုင်းတာကိုတော့ ရေယာဉ်ပိုင်ရှင်တွေကို အသိပေးတယ်၊ သိရှိကြောင်း ကတိဝန်ခံချက်လည်း လုပ်ထားပြီးပါပြီ၊ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ သင်္ဘောကျင်းတွေမှာ ပြန်လည်လုပ်ရမှာဆိုတော့ အချိန်တော့ယူရမှာပါ၊ စတော့ဖြုတ်ခိုင်းနေပါပြီ၊ လက်ရမ်းတွေလည်း ဖြုတ်ခိုင်းတယ်၊ လက်ရန်းတွေက အများအမြင်မှာတော့ အကာအကွယ်ဖြစ်တယ်လို့ မြင်ကြတယ်၊ လက်ရန်းတွေ အမှီပြုပြီး သွားလို့ရတယ်လို့ မြင်ကြတယ်၊ နည်းပညာပိုင်းကကြည့်တဲ့အခါမှာ လက်ရန်းပါတာက ပြဿနာမရှိပေမယ့် ရေယာဉ်မတော်တဆမှုတွေဖြစ်တဲ့အခါမှာကျတော့ ထွက်လို့ပြုလို့ ခက်တယ်ဆိုတာ သာဓကတွေရှိခဲ့တဲ့အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နည်းပညာဆွေးနွေးပွဲမှာ ပညာရှင်တွေက ဆွေးနွေးညှိနှိုင်းပြီးတော့မှ ဖြုတ်သင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်တာပါ" ဟု တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်က ပြောသည်။

တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မုံရွာမြို့မှ အခြေပြုပြီး အထက်ချင်းတွင်းဒေသ ခန္တီးမြို့အထိ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ် အသင်း ၁၀ သင်းမှ ရေယာဉ်အစီး ၁၄၀ ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



# သီတင်းကျွတ်ပွဲတော် အရှေ့

ဆူးငှက်

"သီတင်းကျွတ်ပြီ၊ မီးပုံးပျံလွှတ်ရအောင်၊ မီးစာကိုရေနံဆွတ်ပါ၊ မိုးလွတ်ပါမည်လား" တဲ့။ ငယ်ငယ်က ကျက်မှတ်ရဖူးသော ဖတ်စာဖြစ်သည်။ အခုလည်း သီတင်းကျွတ်ပြီ။ တရုတ်ကဝင်လာသည့် မီးပုံးပျံတွေ ဟောတစ်လုံး ဟောတစ်လုံး လွှတ်တင်ကြပြီ။ မီးရှူးမီးပန်း ပြောက်အိုးတွေလည်း နားကွဲမတတ် ဖောက်ကြ၏။ တကယ်တော့ သီတင်းကျွတ်နှင့် ပြောက်အိုးက ဘာမှမဆိုင်။ သီတင်းကျွတ်က တာဝတိံသာမှ ပြန်ဆင်းလာသည့် မြတ်စွာဘုရားရှင်ကို ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းနှင့်အတူ ဆီမီးရောင်စုံထွန်းညှိပူဇော်သည့် အစဉ်အလာဖြစ်သည်။ ဝါလကင်းလွတ် သီတင်းကျွတ်လျှင် ဘုရားရှင်ကို ရည်မှန်းပြီး ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူမည်။ ဘုရားပွဲတော်များ ကျင်းပမည်။ ဆီမီးရောင်စုံထွန်းညှိမည်။ ရတနာသုံးပါးနှင့်အတူ လူကြီးမိဘ ဆရာသမားများကို ကန်တော့မည်ဟူသော အစဉ်အလာကောင်းများဖြင့် ကောင်းမွေဆက်ခံကာ ကျင်းပသည့်ပွဲတော်ဖြစ်သည်။

**မန္တလေးနှင့် သီတင်းကျွတ်**

ရတနာပုံမန္တလေးခေတ်ကတည်းက သီတင်းကျွတ်ပွဲတော်ကို ရှင်ဘုရင်နှင့် မိဖုရားကိုယ်တိုင် ဦးစီးပြီး မြို့ပေါ်ရှိ ဘုရားစေတီများကို ထောင်သောင်းမကသော ဆီမီးအလင်းတိုင်များဖြင့် မီးစောင်းတန်းများသွယ်တန်းကာ လှူဖွယ်ဝတ္ထုအစုစု လှူဒါန်းပြီး ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည့် အစဉ်အလာရှိသည်။ မြင့်မြတ်ယဉ်ကျေးသော အစဉ်အလာမို့ ထိုအမွေကို မျိုးဆက်သစ်တို့က အစဉ်အဆက်အမွေခံထိန်းသိမ်းခဲ့သည်။ ဤသို့ဖြင့် မန္တလေး၏ သီတင်းကျွတ်ပွဲတော်သည် မန္တလေးမြို့ပေါ်ရှိ ဘုရားပွဲများနှင့်ဆက်စပ်နေသော ပွဲတော်ဖြစ်သည်။ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ပြီးသည့်နောက် မန္တလေးတွင် ပွဲလမ်းများ ပါးလျားသွား၏။ ထို့ကြောင့် မန္တလေးမှ ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ဆိုင်းအဖွဲ့များသည် ကဆုန်လတွင် 'သေတ္တာပိတ်' ဟုခေါ်သော နောက်ဆုံးပွဲများကို ကပြကြပြီး အဖွဲ့အသီးသီး ဖျက်သိမ်းကာ ဇာတ်ခေါင်းခွဲကြသည်။ ထို့နောက် ပညာရှင်အသစ်များ ပြန်လည်ဖွဲ့စည်းပြီး နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် တီးလုံးတိုက်ကြ၊ ဇာတ်တိုက်ကြသည်။

**သေတ္တာဖွင့်ပွဲ**

မကြာမီ သီတင်းကျွတ်လဆန်းသည်နှင့် ဘုရားပွဲတော်များစတင်သည်နှင့် ကပြကြရန် 'သေတ္တာဖွင့်ပွဲ' အတွက် ကြိုတင်ပြင်ဆင်ကြသည်။ မန္တလေးတွင် မန္တလေးမြို့ မတည်မီကတည်းက တည်ရှိခဲ့သော ဘုရား၊ စေတီကြီးများ၊ ဥပမာ - မဟာမုနိ၊ ဘုရားသုံးဆူ၊ အိမ်တော်ရာ၊ ရွှေကျီးမြင်၊ အရိပ်မထွက်၊ ဘုရားနီ၊ ချမ်းသာရ၊ လမ်းလယ်ဘုရား စသည်။ မန္တလေးမြို့နှင့် အတူတည်သော ဘုရားစေတီတော်ကြီးများ၊ ဥပမာ - ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ မဟာလောကမာရဇိန် ကုသိုလ်တော်၊ သီပေါမင်းလက်ထက်တည်သော သကျသီဟ စသည်တို့၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးများကို သတ်မှတ်ထားသည့်ရက်များတွင် ကျင်းပသည့်အတွက် 'ဂေဇက်ရဘုရားပွဲတော်' များဟု ခေါ်ဆိုကြ၏။ ထို့ပြင် ရပ်ကွက်ဓမ္မာရုံအသီးသီး၏ ဘုရားပွဲတော်များမှာလည်း သီတင်းကျွတ်လဆန်းသည်နှင့် ကျင်းပကြရာ မလွန်ကြက်သွန်တန်းဓမ္မာရုံဘုရားပွဲ၊ တရုတ်တန်းရှေ့တော်ပြေးဝင်းဓမ္မာရုံဘုရားပွဲများပြီးနောက် 'ဂေဇက်ရ' ဘုရားပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၀ ရက် ၁၁ ရက်များတွင် မြို့လယ်၊ ၈၂လမ်း ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ ဘုရားသုံးဆူဘုရားပွဲတော်ကို စတင်ကျင်းပသည်။

**အနိုင်မခံအရှုံးမပေး ကပြကြ**

ထိုသို့ မလွန်ကြက်သွန်တန်း ဓမ္မာရုံပွဲ၊ ရှေ့တော်ပြေးဝင်းဓမ္မာရုံပွဲနှင့် ဘုရားသုံးဆူပွဲတော်များမှစ၍ သီတင်းကျွတ်အကြိုအဖြစ် ဘုရားပွဲတော် ဂေါစရဂမ်ရပ်ကွက်ရှိ အိမ်အသီးသီးက မီးရောင်စုံများထွန်းညှိကြ၏။ အဆိုပါဘုရားပွဲတော်များတွင် မန္တလေးမှ ဇာတ်၊ အငြိမ့်၊ တီးဝိုင်းများသာမက စည်တော်ကြီးအဖွဲ့များပါ 'သေတ္တာဖွင့်' စတင်ကပြ တီးမှုတ်ဖျော်ဖြေကြသည်။ ထို့နောက် သီတင်းကျွတ်လဆန်း ၁၁ ရက် ၁၂ ရက်များတွင် ဈေးချိုတော်အနောက်ဘက်ရှိ မဟာလောကရံသီအိမ်တော်ရာဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၁၄ ရက်များတွင် အောင်နန်းရိပ်သာရပ်ရှိ မဟာသကျသီဟဘုရားပွဲ၊ အဆိုပါ သီတင်းကျွတ်လဆန်း ၁၃၊ ၁၄ ရက်များတွင် မင်းတဲအီကင်းရပ်ရှိ ရတနာမဥ္ဇူဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၇ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ ကျင်းပသော ကျောက်တော်ကြီး၊ မဟာလောကမာရဇိန်ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲတော်ကြီးများ ဆက်တိုက်ကျင်းပကြသည်။

ရှေးအခါက ဘုရားပရိဝုဏ်ကျယ်ဝန်းပြီး အကွက်အကွင်းကောင်းသော အိမ်တော်ရာဘုရားပွဲတော်တွင် ဘုရားပရိဝုဏ် အပြင်ဘက်၌ မည်သည့်အခကြေးငွေမှ ပေးစရာမလိုဘဲ အဆင်ပြေသလို လွတ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်သည့် 'ကြည့်ချင်ပွဲ' ဇာတ်ပွဲအပြင် ဘုရားပရိဝုဏ်အတွင်း၌ ထောင့်လေးထောင့်တွင် အငြိမ့်လေးဖွဲ့၊ အချို့နှစ်များတွင် ငါးဖွဲ့မျှ အပြိုင်အဆိုင် ကပြဖျော်ဖြေကြ၏။ ပွဲစားကုန်သည်များနှင့် မန္တလေးသားမြန်မာအများစုရှိသော ရပ်ကွက်မို့ နာမည်ကြီးအငြိမ့်များကို အပြိုင်အဆိုင်ငှားရမ်းကြသည်။ ထို့ကြောင့်လည်း အငြိမ့်များက အနိုင်မခံအရှုံးမပေး ကပြကြသည်။

**သီတင်းကျွတ်နှင့် ပွဲအကဲခတ်**

အိမ်တော်ရာဘုရားပွဲ၌ အငြိမ့်အဖွဲ့များ အပြိုင်အဆိုင်ဖျော်ဖြေကြပုံကို "ကျွန်တော်တို့က အိမ်တော်ရာဘုရားပွဲကို သိပ်မျှော်လင့်ကြတယ်။ ဘာလို့လဲဆိုတော့ မန္တလေးရဲ့ အထင်ကရ ထိပ်တန်းအငြိမ့်ကြီးတွေ၊ အိမ်တော်ရာမှာ အမြဲလိုလို ထိပ်တိုက်တွေ့ကြတယ်။ မန္တလေးရဲ့ပွဲဦးထွက် သေတ္တာဖွင့်ပွဲဆိုတော့၊ မလျှော့ဘူး၊ မညာကြဘူး။ အပြိုင်အဆိုင် ကပြကြတယ်။ ဘုရားဂေါပကလူကြီးများနဲ့ ရပ်မိရပ်ဖများအစီအစဉ်နဲ့ ရဟန်းသံဃာတော်များ စောင့်ရှောက်ကြီးကြပ်ကျင်းပတော့ ခိုက်ရန်ဒေါသမဖြစ်ကြပါဘူး။ အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေကလည်း သီတင်းကျွတ် အိမ်တော်ရာဘုရားပွဲကို ဘုန်းကြီးကျောင်းတွေမှာ တည်းခိုပြီး 'ပွဲအကဲခတ်' လာကြတယ်။ ဒီနှစ်အတွင်း မိမိတို့မြို့ရွာမှာ အလှူ၊ ဘုရားပွဲ၊ ကျောင်းပွဲ၊ ဘုန်းကြီးပျံကအစ ဖျော်ဖြေရေးအတွက် ဇာတ်ငှားဖို့ အငြိမ့်ငှားဖို့ အိမ်တော်ရာမှာ ပရိသတ်ကြိုက်အောင် ကပြနိုင်တဲ့ အငြိမ့်အဖွဲ့က အဲဒီမှာတင် 'ပွဲအကဲခတ်' သူတွေက စရန်ပေးစာချုပ်ပြီး ငှားရမ်းကြတော့တာပါ" ဟု မန္တလေး ဈေးချိုဆင်တံတားသားတစ်ဦးက ရှင်းပြသည်။

အိမ်တော်ရာဘုရားပွဲတွင် အမြဲကပြဖျော်ဖြေရလေ့ရှိသော အငြိမ့်အဖွဲ့တစ်ဖွဲ့ကိုတည်ထောင်သူ မင်းသမီးကြီးတစ်ဦးကလည်း "ကျွန်မတို့အငြိမ့်က အိမ်တော်ရာဘုရားပွဲမှာကရတာ ၁၀ နှစ် ၁၀ မိုးမကတော့ပါဘူး။ အိမ်တော်ရာမှ အငြိမ့်ပြိုင်ဆိုတော့ ဂရုစိုက်ရတယ်။ အိမ်တော်ရာမှာ ပရိသတ်ကြိုက်ရင် တစ်နှစ်လုံး ပွဲချိပြည့်သွားတာပါပဲ။ အခုအိမ်တော်ရာပွဲမှာ အရင်လို အငြိမ့် လေးဖွဲ့ ငါးဖွဲ့ မပြိုင်ကြတော့ပါဘူး။ တစ်ငြိမ့်တောင်အနိုင်နိုင်ပါပဲ" ဟု ရှင်းပြသည်။

> **သီတင်းကျွတ်ပွဲတော်အခါသမယသည် မန္တလေး၏ အထင်ကရဘုရားပွဲတော်ကြီးများ ကျင်းပသည့်အချိန်မို့ တစ်မြို့လုံး မီးရောင်စုံထိန်ထိန်ညီးဖြင့် စည်ကား... ဈေးချိုဝါးတန်းရပ်၊ မြို့လယ်ရသာတန်းရပ်၊ မြောက်ပြင်ထားဝယ်ရပ်၊ အရှေ့ပြင်အောင်တော်မူရပ် စသည်ဖြင့် မီးထွန်းပွဲတော်ကြီးများ စည်ကားစွာကျင်းပ၍ တစ်မြို့လုံးက "မီးလမ်းလျှောက်" ဟူသော ခေါ်ဝေါ်မှုဖြင့် ခြေကျင်တစ်မျိုး၊ စက်ဘီးများဖြင့်တစ်သွယ် ပျော်ရွှင်စွာ...**



**မီးလမ်းလျှောက်**

အဆိုပါ ဘုရားပွဲတော်ကြီးများသည် သီတင်းကျွတ်အခါသမယနှင့် တိုက်ဆိုင်ကျင်းပကြ၍ ဘုရားပွဲနှင့်စပ်ဆိုင်သော ရပ်ကွက်များကလည်း ဘုရားပွဲတော်တွင် မီးရောင်စုံထွန်းညှိ၍ ဆင်နွဲကြသည်။ မန္တလေးတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်အထိ မီးပူဇော်ကြ၏။ တာဝတိံသာမှ ဆင်းသက်ကြွမြန်းလာသည့် ဘုရားရှင်ကိုရည်မှန်းပြီး ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသဖွယ်လည်း မီးစောင်းတန်းများ ထွန်းညှိကြသည်။

သီတင်းကျွတ်ပွဲတော်အခါသမယသည် မန္တလေး၏ အထင်ကရဘုရားပွဲတော်ကြီးများ ကျင်းပသည့်အချိန်မို့ တစ်မြို့လုံး မီးရောင်စုံထိန်ထိန်ညီးဖြင့် စည်ကားသော်လည်း ယခင်က ပြောက်ဖောက်၍ ကာယိန္ဒြေပျက်စေမှုမျိုး အလျှင်းမရှိခဲ့ပေ။ ဘုရားပွဲတော်ကြီးများနှင့်အပြိုင် ဈေးချိုဝါးတန်းရပ်၊ မြို့လယ်ရသာတန်းရပ်၊ မြောက်ပြင်ထားဝယ်ရပ်၊ အရှေ့ပြင်အောင်တော်မူရပ် စသည်ဖြင့် မီးထွန်းပွဲတော်ကြီးများ စည်ကားစွာကျင်းပ၍ တစ်မြို့လုံးက 'မီးလမ်းလျှောက်' ဟူသော ခေါ်ဝေါ်မှုဖြင့် ခြေကျင်တစ်မျိုး၊ စက်ဘီးများဖြင့်တစ်သွယ် မိသားစုနှင့် ပျော်ရွှင်စွာ သွားလာကြ၏။ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဘုရားပွဲတော်များတွင် သက်ဆိုင်ရာရပ်ကွက်ခံများက လာသမျှ အယုတ်အလတ် အမြတ်မရွေး ဧည့်ခံကျွေးမွေးကြသည့်အစဉ်အလာ ရှိသည်။ ကြာဆန်ဟင်း၊ မုန့်ဟင်းခါး စသည့်အစားအသောက်များသာမက မန္တလေးဒေသထွက် ဆန္ဒင်းမကင်း၊ ထိုးမုန့်၊ မာစကပ်၊ ခနုံထုပ်၊ မုန့်လုံးကြီးဆီစိမ် စသည်တို့ အိမ်ပေါက်စေ့ ကျွေးမွေးဧည့်ခံကြသည်။ မည်သည့်အစားအသောက်ကို ကျွေးမွေးသည်ဖြစ်စေ ဆီးဖြူသီး၊ စောင်းလျားသီးဆားရည်စိမ်၊ ငါးပိကြော်နှင့် လက်ဖက်အကြော်စုံကတော့ အစဉ်အလာမို့ မပါမဖြစ်။

**ရိုးရာပွဲလမ်းများ မပျောက်ပျက်ရေး**

နောက်ပိုင်းတွင် သီတင်းကျွတ်ပွဲတော်အတွက် တရုတ်ပြည်မှ အသင့်ချိတ်ဆွဲထွန်းညှိနိုင်သော မီးပုံးရောင်စုံများ၊ မီးလုံးရောင်စုံများ ဝင်ရောက်လာသောအခါ ကိုယ်တိုင်လက်ဖြစ် မီးပုံး၊ မီးကြာခွက်နှင့် မီးထွန်းရသည့် ကလေးကစားစရာပစ္စည်းများ လျော့နည်းသွားသည်။ သီတင်းကျွတ်လပြည့်ကဲ့သို့ အခါသမယ၌ ဆိုင်ကယ်များ အုပ်စုဖွဲ့၍ လီဘာပေးကာ မောင်းနှင်အော်ဟစ်မှုများ၊ လမ်းသွားလမ်းလာနှင့် လမ်းဘေးအိမ်များအတွင်းရှိ မိန်းမပျိုများထံ အားပြင်းပြောက်အိုးနှင့် မီးရှူးမီးပန်းတို့ ပစ်သွင်းနောက်ပြောင်မှုများ များပြားလာခဲ့သည်။

သီတင်းကျွတ်ပွဲတော်သည် ဘာသာရေးအစဉ်အလာအရသာမက လူမျိုး၏ ဓလေ့ထုံးတမ်းယဉ်ကျေးမှုကိုပါ မှတ်တမ်းတင်သည့် ပြယုဂ်ဖြစ်သည်။ ရုပ်ဝတ္ထုများ မည်သို့ပင်ပြောင်းလဲ တိုးတက်သော်လည်း ရိုးရာဓလေ့ဘိုးဘွားမွေများ ဆုံးရှုံးပျောက်ကွယ်ခြင်းသည် တိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်သိက္ခာနိမ့်ပါးခြင်းနှင့် ဆက်စပ်ပတ်သက်နေသည်။ ထို့ကြောင့် ရုပ်ဝတ္ထုပိုင်းများ မည်သို့တိုးတက်နေစေကာမူ တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကိုပြဆိုသည့် ရိုးရာပွဲလမ်းများ မပျောက်ပျက်ရေးမှာ ထိန်းသိမ်းသင့် ထိန်းသိမ်းအပ်သည့် ဝတ္တရားများဖြစ်သည်။ ။

❑

# "အမုန်းတွေ ခေါက်ထားလိုက်" ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၉ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်


ဒါရိုက်တာ သားညီ


သရုပ်ဆောင် နေတိုး


သရုပ်ဆောင် တက္ကသိုလ် ဝွမ်းပုံ


သရုပ်ဆောင် ကျော်ကျော်


သရုပ်ဆောင် မိုးဟေကို

**ရန်ကုန် အောက်တိုဘာ ၂၂**

"မိုး"ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ သားညီ ရိုက်ကူးထားသည့် "အမုန်းတွေ ခေါက်ထားလိုက်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၉ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာ သားညီက "ဝတ္ထုထဲက အတိုင်းတော့ မဟုတ်ပါဘူး။ တချို့အခန်းလေးတွေကိုဖြုတ်ပြီး ပိုကောင်းအောင် ရိုက်ထားပါတယ်။ ယောကျ်ားဘက်က ပါလာတဲ့ သားရယ်၊ မိန်းမဘက်ကပါလာတဲ့ ညီမရယ် တစ်အိမ်ထဲမှာ အတူတူနေကြတယ်။ မတည့်ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပညာပေးကြတဲ့ ပေါ့ပေါ့ပါးပါး ဖျော်ဖြေရေးကားလေးပါ" ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် နေတိုး၊ ရဲအောင်၊ မိုးဟေကို၊ မြတ်ကေသီအောင်၊ ကျော်ကျော်၊ ရဲလေး၊ သီဟဖြိုး၊ တက္ကသိုလ်ဝွမ်းပုံ၊ သဥ္ဇာမြင့်မိုရ်၊ ချစ်ကြေးမုံ၊ နှိုင်းယှဉ်မြင့်မိုရ်၊ ချက်ကြီး၊ ဖိုးသဲ၊ သူဇာပွင့်၊ ညီဂျော်၊ အေးအေးအောင်၊ ဒေါင်းဝေ၊ ကိုဖြိုး၊ ဒီရဲဂျာနှင့် အခြားသော အနုပညာရှင်များစွာ ပါဝင်ထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

သရုပ်ဆောင် နေတိုးက "တစ်ယောက်နဲ့တစ်ယောက် စရင်းနောက်ရင်းကနေ ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေ၊ ဖြစ်ပေါ်လာတဲ့ အချစ်တွေကို တင်ပြထားတဲ့ ဇာတ်ကားလေးပါ။ သရုပ်ဆောင်မှုအပိုင်းမှာ လူငယ်ပုံစံသရုပ်ဆောင်မှုကို ဦးစားပေးထားပါတယ်။ နေရာတစ်နေရာတည်းမှာ ဦးတည်ပြီး ရိုက်ရတဲ့ ဇာတ်လမ်းဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ပရိသတ်ကို တစ်ကားလုံးဆွဲခေါ်နိုင်ဖို့ တင်ဆက်မှုနဲ့ ချိတ်ဆက်မှုအပိုင်းတွေကို ဦးစားပေးပြီး ဒါရိုက်တာနဲ့ ညှိနှိုင်းရိုက်ကူးခဲ့ပါတယ်။ ဒီကားထဲမှာ ပါဝင်တဲ့ ဇာတ်ဝင်ခန်းတော်တော်များများကို သုံးကြိမ်ထက်မနည်း ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်ပြီးမှ ရိုက်ခဲ့ရပါတယ်။ အချိန်ယူပြီး ရိုက်ကူးထားတာပါ" ဟု ပြောသည်။

သရုပ်ဆောင် တက္ကသိုလ် ဝွမ်းပုံက "ဒီကားထဲမှာ လူငယ်ပုံစံမျိုးထဲက အသက်နည်းနည်းကြီးတဲ့ မိန်းမတစ်ဦး ပုံစံမျိုး မျက်မှန်လေးနဲ့ သရုပ်ဆောင်ထားတယ်။ ဟာသပိုင်းမှာဆိုရင်လည်း ဦးဆောင်ပြီး လုပ်တဲ့သဘောမျိုးပါ။ ဇာတ်ကားလေးရဲ့ နာမည်အတိုင်းပဲ တစ်ဦးနဲ့တစ်ဦး ချစ်ခြင်းမေတ္တာတွေ မလာခင်မှာ အမုန်းတွေအရင်လာကြတယ်။ တစ်ဦးနဲ့တစ်ဦးရန်ဘက်တွေပေါ့။ နောက်ဆုံးမှာ အမုန်းတွေ ရပ်သွားပြီး အချစ်တွေရသွားတယ်ဆိုတဲ့ ပုံစံမျိုးလေးပါ။ ပရိသတ်တွေအတွက် ရယ်မောပျော်ရွှင်ပြီး အပန်းတွေ ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟုပြောသည်။

အဆိုပါဇာတ်ကားတွင် ဇာတ်တိုက်လေ့ကျင့်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် အချိန်ပေးပြီး ရိုက်ကူးခဲ့ရသော ဇာတ်ကားဖြစ်ကြောင်း၊ ဟာသဇာတ်ကားဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတအောင် ကြိုးစားထားသည်ဟု သရုပ်ဆောင် မိုးဟေကိုက ပြောသည်။

သရုပ်ဆောင် ကျော်ကျော်က "ဝီရဆိုတဲ့ဇာတ်ကောင်အနေနဲ့ ပါဝင်ထားပါတယ်။ မမိုးဟေကိုနဲ့ သူငယ်ချင်း၊ ကျွန်တော်က မမိုးကို တစ်ဖက်သတ်ကြိုက်နေရတဲ့သူအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်အတွက် မမိုးဟေကိုနဲ့ အတူရိုက်တဲ့ တတိယမြောက်ဇာတ်ကားပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ရန်ကုန်မှာပဲ ရိုက်ကူးထားတာပါ။ ကိုနေတိုးရဲ့ အရင်တုန်းက ပုံစံမျိုးလေးတွေ တွေ့မြင်ရမယ့် အချစ်ဟာသ ဇာတ်ကားလေးပါ"ဟု ပြောသည်။

မျက်နှာချင်းဆိုင်လို့ မရအောင် မတည့်ကြသူနှစ်ဦး တစ်အိမ်တည်းတွင် အတူနေကြရာတွင် အမုန်းတရားကိုအခြေခံပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပညာပြသပုံများ၊ အနေနီးစပ်ရာမှ အမုန်းမှ အချစ်သို့ ပြောင်းလဲသွားပုံတို့ကို အခြေခံပြီး ချစ်သူဘဝ ပျော်ရွှင်ဖွယ်ရာသများကို ဖော်ကျူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

## ပရိသတ်ရှေ့အရောက်ပြန်လာဖို့ ပြင်ဆင်နေပြီဖြစ်တဲ့ TWICE

တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ဟာ မကြာမီမှာ ပရိသတ်ရှေ့အရောက်ပြန်လာတော့မှာဖြစ်ပြီး လတ်တလောမှာတော့ စမ်းသပ်ထုတ်လွှင့်မှုတွေကိုပင် စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒီတစ်ကြိမ်မှာတော့ "TWICE"ဟာ အဖွဲ့ရဲ့ ခြောက်ခုမြောက် မီနီတေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားတာဖြစ်ပြီး လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်အတွက် ပထမဆုံးစမ်းသပ်ထုတ်လွှင့်တဲ့အနေနဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံနှစ်ပုံကို ထုတ်ဖော်ပြသလာတာကိုလည်း တွေ့ရပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ဟာ သီတင်းပတ်များစွာအကြာမှ ပရိသတ်ရှေ့ ပထမဆုံးပြန်လည်ရောက်ရှိလာမယ့် "TWICE" ရဲ့တေးအယ်လ်ဘမ်ဖြစ်ပြီး "Yes or Yes"လို့ အမည်ပေးထားတာဖြစ်ပါတယ်။

လတ်တလော ထုတ်ဖော်ပြသလာတဲ့ အစမ်းဓာတ်ပုံတွေမှာတော့ ပိုက်ဆံတွေ၊ အကြွေစေ့တွေ၊ ဖဲချပ်တွေ ပါဝင်နေတာကြောင့် မကြာမီထွက်ရှိလာတော့မယ့် တေးအယ်လ်ဘမ်သစ်ဟာ ကာစီနိုကို ဦးတည်ရိုက်ကူးထားတာဖြစ်နိုင်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ထားတာ တွေ့ရပါတယ်။

## စင်ကာပူဖျော်ဖြေပွဲမှာ ဒဏ်ရာရခဲ့တဲ့ Red Velvet အဖွဲ့ဝင် ဂျွိုင်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျွိုင်းဟာ လတ်တလော ပြုလုပ်ခဲ့တဲ့ စင်ကာပူဖျော်ဖြေပွဲမှာတော့ ထိခိုက်ဒဏ်ရာ ရရှိခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၀ ရက်မှာတော့ စင်ကာပူမှာ "Red Velvet" ရဲ့ ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲဟာ အဖွဲ့ရဲ့ ပထမဆုံးသော စင်ကာပူဖျော်ဖြေပွဲဖြစ်ပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွိုင်းဟာ ဖျော်ဖြေပွဲအတွင်း ညာဘက်လက် ထိခိုက်ဒဏ်ရာရခဲ့တာ ဖြစ်ပါတယ်။

ဖျော်ဖြေပွဲ ကျင်းပနေစဉ် ည ၇ နာရီခန့်မှာ အဖွဲ့ဝင် ဂျွိုင်းဟာ နားကြပ်ပြဿနာကြောင့် ဖျော်ဖြေရေးစင်မြင့်နောက်သို့ ဝင်ရောက်ခဲ့ပြီး ကျန်အဖွဲ့ဝင်တွေက ပရိသတ်နဲ့ ၁၅ မိနစ်ခန့် စကားပြောခဲ့ကြပါတယ်။ ဘာသာပြန်အကူအညီနဲ့ အစားအစာတွေအကြောင်း ပြောကြားနေရင်း ဂျွိုင်းက စင်မြင့်ပေါ် ပြန်လည်တက်ရောက်လာကာ ညာလက်မောင်းမှာ ပတ်တီးစီးထားတာကို တွေ့ရပါတယ်။ သူက မျက်ရည်တွေလည်း ကျနေပြီး ပရိသတ်ကို ဖျော်ဖြေကပြဖို့ရာ အားခဲထားခဲ့ပေမယ့် လက်ရှိမှာတော့ ဆေးရုံကို သွားရောက်ရတော့မှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေးသံရှင် ဂျွိုင်းဟာ ပခုံးမှာလည်း နာကျင်ခံစားနေရပုံပေါ်နေကာ ချက်ချင်းဆိုသလို ဆေးရုံကို ပို့ဆောင်ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

## လက်ထပ်လိုက်ပြီလို့ အသိပေးလိုက်တဲ့ ကာလီကလော့စ်



နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ကာလီကလော့စ်ဟာ လတ်တလောမှာတော့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်က ပရိသတ်တွေကို လက်ထပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကာလီကလော့စ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သတို့သမီးဝတ်စုံဝတ်ဆင်ရိုက်ကူးထားတဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပြီး သူ့ရဲ့ ဖော်လိုဝါ ၇ ဒသမ ၇ သန်းကို အသိပေးလိုက်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၈ ရက် ရက်စွဲနဲ့ ဖော်ပြခဲ့တဲ့ ယင်းဓာတ်ပုံကို ကာလီကလော့စ်က နယူးယော့ခ်ကို ရောက်ရှိနေစဉ် အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

## Time မဂ္ဂဇင်းရဲ့ ပထမဆုံးသော မျက်နှာဖုံးရှင်ဖြစ်လာတဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ ယခုနှစ်အတွင်းမှာ နောက်ထပ်မှတ်တမ်းသစ်တစ်ခုကို တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကတော့ ကေပေ့ါပ်ကြယ်ပွင့်တွေအနက် "Time" မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ပထမဆုံး ဖော်ပြခံခဲ့ရသူတွေ ဖြစ်လာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒ့ါအပြင် အမေရိကန်ရဲ့ ဘေဘုတ်တေးဂီတဇယားမှာ ထိပ်ဆုံးမှာ နေရာရလာတဲ့ ပထမဆုံးသော ကေပေ့ါပ်ကြယ်ပွင့်ဖြစ်လာခဲ့ပြီး အဖွဲ့ရဲ့ အမေရိကန်နယ်လှည့်ဖျော်ဖြေရေးလက်မှတ်တွေဟာလည်း အားလုံးရောင်းကုန်ခဲ့ပြီးဖြစ်ပါတယ်။ မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်တွေအဖြစ် ဖော်ပြခြင်းခံခဲ့ရတဲ့ အဖွဲ့ဝင်ခုနစ်ဦးရဲ့ ဓာတ်ပုံနဲ့အတူ ကမ္ဘာ့ရေပန်းအစားဆုံးသော အမျိုးသားတေးဂီတအဖွဲ့အဖြစ်လည်း ရေးသားဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဒီမဂ္ဂဇင်းကိုတော့ ပြီးခဲ့တဲ့ တနင်္လာနေ့က ဈေးကွက်အတွင်း စတင်ဖြန့်ချိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

## ပြည်သူ့စကားဝိုင်းများ ဒေသအလိုက်ကျင်းပ



**သထုံ**

မွန်ပြည်နယ် သထုံမြို့တွင် 'လူငယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်က အထက(၂) ကျောင်း လှမဥ္ဇူခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ အမှတ်(၁၂) ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးငွေးရွှေနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်ဖြိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေအချက်များ၊ ယာဉ်မတော်တဆမှုဖြစ်စဉ်များ၊ စောင့်ထိန်းလိုက်နာရမည့်အချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဒေသအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**စဥ့်ကူး**

စဥ့်ကူးမြို့နယ်တွင် 'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရွှေပြည်ကျေးရွာ ရွာရင်းကျောင်း၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ညွှန့်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်နိုင်ဦး၊ ရွှေပြည်ကျေးရွာ အခြေခံပညာအထက်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူတို့က ကဏ္ဍအလိုက် အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ပြန်/ဆက်)**

**ကန့်ဘလူ**

'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲက ကန့်ဘလူမြို့နယ် မလယ်ကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးချစ်က ဒီမိုကရေစီခေတ်တွင် အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် မိမိတို့ရပ်ရွာဒေသ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် မလယ်ကျေးရွာရှိ ရပ်ကွက်ခြောက်ခုမှ ဒေသခံပြည်သူများက ကျေးရွာ၏လိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရရှိရေး၊ မြေနုကျွန်းကိစ္စရပ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ကျောက်ပန်းတောင်း**

'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာဘုန်းတော်ကြီးကျောင်း (မြောက်ကျောင်း) ၌ ကျင်းပသည်။

ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက ဌာနဆိုင်ရာများအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒများကို တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြစေလိုကြောင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်က ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ဒေသလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြောကြားကြစေလိုကြောင်း ပြောကြားသည်။

ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ်တွင် ဌာနဆိုင်ရာများက ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# ဆီလီကွန်အသုံးပြု၍ ပုံတူရုပ်တုထုဆစ်မှုများအား မှာယူသူ ပိုမိုများပြားလာ

**စစ်ကိုင်း အောက်တိုဘာ ၂၂**

အင်္ဂတေပလာစတာများဖြင့် ထုဆစ်သည့် ပုံတူရုပ်တုများအစား ပိုမိုပီပြင်သော ပန်းပုပညာရပ်ဖြင့် ဆီလီကွန်အသုံးပြုထုဆစ်သည့် ပုံတူရုပ်တုများကို စိတ်ဝင်စားမှုမြင့်တက်ကာ မှာယူသူပိုမိုများပြားလာကြောင်း စစ်ကိုင်းမြို့ရှိ အိမ်မွန်ပန်းပုစတူဒီယိုလုပ်ငန်းမှ ဦးစိုးအောင်က ပြောသည်။

မြန်မာနိုင်ငံ၌ ယခင်က ဆီလီကွန်နည်းပညာဖြင့် ပုံတူရုပ်တုပြုလုပ်သူ အလွန်နည်းပါးလျက်ရှိပြီး ယခုနောက်ပိုင်း၌ မျိုးဆက်သစ်လူငယ်ပန်းပုပညာရှင်များ၏ နည်းပညာတိုးတက်သင်ယူလိုမှုနှင့်အတူ အထင်ကရပုဂ္ဂိုလ်များ၏ ပုံတူရုပ်တုထုဆစ်ရာတွင် အင်္ဂတေပလာစတာ အသုံးပြုထုဆစ်ခြင်းထက် ဆီလီကွန်အသုံးပြုထုဆစ်သည့် ပုံတူများကို စိတ်ဝင်စားမှုမြင့်တက်လာကြောင်း သိရသည်။

"ဆီလီကွန်ပုံတူရုပ်တုဆိုတာက ပန်းပုအတတ်ပညာရပ်ကို နည်းပညာနဲ့ပေါင်းစပ်ပြီး လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဆီလီကွန်ဆိုတာ ရော်ဘာအကောင်းစားတစ်မျိုးပါ။ သူ့ရဲ့အားသာချက်က ဆံပင်အစစ်တွေ စိုက်လို့ရတယ်။ ကျောက်မျက်လုံးတွေ ထည့်လို့ရတယ်။ လူအစစ်လိုပဲ အရိုးအဆစ်ပျော့ပျောင်းမှုတွေ ဖန်တီးထုဆစ်လို့ရတယ်။ အင်္ဂတေပလာစတာ ရုပ်တုတွေနဲ့ ကွာဟချက်က သူက ရော်ဘာအကြည်ဖြစ်လို့ အလင်းအနည်းငယ်ပေါက်တဲ့အတွက် လူသားတစ်ယောက်ရဲ့ အသားအရေ အသွင်အပြင်လက္ခဏာအတိုင်း ပုံဖော်လို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီကို အင်္ဂတေပလာစတာနဲ့ ပုံတူထုဆစ်ဖို့ လာအပ်တဲ့သူတွေရှိပေမယ့် ၇၀ ရာခိုင်နှုန်းက ဆီလီကွန်ရုပ်တုကိုပဲ လာအပ်တာများပါတယ်" ဟု ၎င်းကပြောသည်။

ဆီလီကွန်နည်းပညာဖြင့် ပုံစံတူရုပ်တုပြုလုပ်ခြင်းကို လွန်ခဲ့သော ၁၅ နှစ်ကျော်ကတည်းက တီထွင်ပြုလုပ်ခဲ့သော်လည်း သိရှိမှုနည်းပါးခဲ့ပြီး ယခုငါးနှစ်ခန့်အတွင်းမှသာ ၎င်းနည်းပညာဖြင့်ပြုလုပ်သည့် ပုံတူရုပ်တုများကို စိတ်ဝင်တစား မှာယူလာကြောင်း သိရသည်။

ဆီလီကွန်ပုံတူပြုလုပ်ရန် ကုန်ကြမ်းကို တရုတ်၊ အမေရိကန် စသည့်နိုင်ငံများမှ မှာယူ၍ ပုံတူရုပ်တုတစ်ခုပြုလုပ်ရန် အချိန်ကာလမှာ တစ်ပတ်မှ တစ်လကျော်ကြာသည်အထိ ထုဆစ်ရကြောင်းနှင့် ဆီလီကွန် ပုံတူရုပ်တုတစ်ခုကို ငွေကျပ်သိန်း ၃၀ ကျော် အနိမ့်ဆုံးဈေးရှိပြီး လက်ရာအသုံးပြုသည့် နည်းပညာပေါ်မူတည်၍ ဈေးနှုန်းများလည်း ကွာခြားမှုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ခရီးသွားဧည့်သည် တစ်ပတ်အတွင်း ၂၄၅၅၁ ဦးလည်ပတ်

**တာချီလိတ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများသည် ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၂၃၆၃၁ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၁၆၆ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၇၅၄ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့ လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့်စွန်တောင်းစေတီ၊ ဘီလူးလျှာစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်း ကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့် အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာခဲ့သည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့်ပြည်တွင်းရှိ အထင်ကရဒေသများသို့ သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၅၂၄၆၉၁ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၄၁၈၈ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၅၂၉၃ ဦး စုစုပေါင်း ၅၃၄၁၇၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# နှစ်သက်တမ်းရှည် သစ်ပင်ကြီးများ ဝယ်ယူနေမှုကြောင့် အရိပ်ရအပင်များရှားပါး

**ရေတာရှည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နှစ်သက်တမ်း ၁၀၀ ကျော်ရှိ ကုက္ကိုပင်ကြီးများအား ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်တွင်လည်းကောင်း၊ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းဝိုင်းများ၌ ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးခဲ့ကြသည်ကို ယနေ့တိုင် မြင်တွေ့နေရဆဲဖြစ်သည်။

ထိုသို့ အရိပ်ရအပင်များအဖြစ် စိုက်ပျိုးခဲ့ကြသော ကုက္ကိုပင်ကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် အခုတ်လှဲခံရပြီး တစ်စထက်တစ်စ နည်းပါးသွားကြပြီဖြစ်ရာ များသောအားဖြင့် ပန်းပုထုလုပ်ရန် ပြန်လည်ရောင်းချမှုများကအများဆုံးဖြစ်ကြောင်း တွေ့ရသည်။

"နှစ်သိန်းကနေ ငါးသိန်းကျော်အထိ အပင်ရဲ့ကြီးထွားမှု သက်တမ်းရင့်မှုတွေအပေါ်မူတည်ပြီး ဝယ်ကြတယ်။ ရောင်းတဲ့လူကလည်း ဈေးကောင်းရလို့ ရောင်းတယ်။ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးတွေကို လှဲပစ်လိုက်တဲ့အတွက် အပူဒဏ်ကို ခံရတော့တာပါပဲ"ဟု ဒေသခံဦးစိန်ဝင်းက ပြောသည်။ **သန်းလွင်**



မုန်တိုင်းကြေညာချက်များရှိသည့်အတွက်အရေးပေါ်ရှာဖွေကယ်ဆယ်ဆောင်ရွက်နိုင်ရေး၊ အသင့်အနေအထားပြင်ဆင်ထားရှိရေးအတွက် ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာနမှမြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်ကျော်ဦးဆောင်၍ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၁ရက်ညပိုင်းက စတင်၍အသင့်စုဖွဲ့ထားရှိကာ ပစ္စည်းအသင့်၊ လူအသင့်၊ စက်အသင့် အနေအထားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝ၄၉ (ဓာတ်ပုံ–ကိုချမ်းကြီး)

တိုတိုထွာထွာဖတ်စရာ

## မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် ကန်ကြီးထောင့်မြို့နယ်မီးသတ်စခန်းနှင့် ဒါးကနယ်မြေမီးသတ်စခန်းတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို အသင့်စုဖွဲ့ပြင်ဆင်ထားရှိကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

## ဆောင်းသီးနှံများပိုးမွှားရောဂါကာကွယ်နိုင်ရန်ပညာပေး

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ်တွင် မိုးစပါးနှင့် စိုက်လက်စ ဆောင်းသီးနှံများ ထိခိုက်မှုနှင့် ပိုးမွှားရောဂါကျရောက်ပါက ကာကွယ်နိုင်ရန်နှင့် လျော့နည်းသက်သာစေရန် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက သာစည်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဂန့်ဂေါခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်က ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများနှင့် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်သွဲ့သွဲ့ညွန့်က မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်က စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးရေးတို့ကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြသည်။ **၄၆၅**

## ပုလဲ၌ ကွန်ပေါင်းဓာတ်မြေဩဇာအိတ်များ ထောက်ပံ့

**ပုလဲ**

ရေနစ်မြုပ်မှုနှင့် မိုးနှမ်းထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများမှ တောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲရတနာခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများက ကံကြီးကျေးရွာ၊ ကျေးနင်းကြီးကျေးရွာ၊ မင်းမကျေးရွာ၊ ကျေးသမျှားကျေးရွာ၊ လက်တောင်းကြီးကျေးရွာ၊ မုံသွင်ကျေးရွာ၊ အလယ်ဘုံကျေးရွာ၊ ဇေတီယျှံကျေးရွာ၊ ကုက္ကိုစုကျေးရွာ၊ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေနစ်မြုပ်မှု ၉၃၅ ဧကနှင့် မိုးနှမ်း ၄၅၁ ဧက စုစုပေါင်း ၁၃၈၆ ဧက ထိခိုက်ပျက်စီးမှုအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၂၇၇ အိတ်ကိုပေးအပ်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ငါန်းဇွန်၌ နတ်သားတောရေလှောင်တမံကို ကွင်းဆင်းကြည့်ရှု

**ငါန်းဇွန်**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် နတ်သားတောဆည်တမံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## မိုင်းယောင်း၌ လုပ်ကွက်နေရာ သက်တမ်းတိုးနိုင်ရေးကွင်းဆင်း

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် နမ့်တောင်ကျေးရွာအနီး ကြိုးပြင်ပတောရှိ စက်ဝိုင်းအင်အားကုမ္ပဏီလီမိတက်၏ ခဲသတ္တုစမ်းသပ်တူးဖော်နေသည့်လုပ်ကွက်တည်နေရာနှစ်ခုအား သက်တမ်းတိုးဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

နေပြည်တော် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြတ်သူဦးဆောင်သော ပူးပေါင်းအဖွဲ့များက ယင်းလုပ်ကွက်အတွင်းရှိ မြေအောက်ကျင်းတူးစနစ်ဖြင့် မီတာ ၆၀ ခန့်တူးဖော်ထားသည့်အခြေအနေနှင့် လုပ်ကွက်အတွင်းရှိ စမ်းသပ်တိုင်းတာထားသည့်နေရာ နှစ်နေရာအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော်**

စစ်ကိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးဇလုံတောင် ခမိုးစခန်းတွင် ၃၁ ဒသမ ၅၄ ဧကအကျယ် ယာဉ်ရပ်နားစခန်း မြေညှိခြင်းဆောင်ရွက်

**စစ်ကိုင်း အောက်တိုဘာ ၂၂**



ဘုရားဖူးခရီးသွားများ စိတ်ဝင်စားမှုပိုကာသွားလာမှုမြင့်လာသော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဇလုံတောင်ခမိုးစခန်းတွင် ၃၁ ဒသမ ၅၄ ဧကအကျယ် ယာဉ်ရပ်နားစခန်း မြေညှိခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

"ယာဉ်ရပ်နားစခန်းက ခမိုးစခန်းမှာတည်ဆောက်နေတာပါ။ တည်ဆောက်မယ့်ယာဉ်ရပ်နားစခန်းထဲမှာ လူ ၅၀၀ လောက်တစ်ပြိုင်တည်းနားနေတည်းခိုနိုင်မယ့် ဟိုတယ်အဆောက်အအုံဆောက်မှာ ဖြစ်ပါတယ်။ ဧည့်သည်နားနေဆောင်တွေ၊ ဂေါပကရုံးခန်း၊ အုပ်ချုပ်ရေးရုံးခန်း၊ ကားဝပ်ရှော့၊ စက်သုံးဆီဆိုင်၊ ဆေးပေးခန်း၊ ကိုယ်ပိုင်ယာဉ် အစီး ၁၈၀ ရပ်နိုင်မယ့်နေရာ၊ Express Car အစီး ၁၀၀ ခန့် ရပ်နားရမယ့်နေရာ၊ တောင်တက်ကား ၁၇၂ စီး ရပ်နားနိုင်မယ့်နေရာနဲ့ ကားဂိတ်တွေ၊ ဂါလန် ၂၇၄၀၀ ဆံ့ ရေကန်ရှစ်ကန်၊ ခေတ်မီသန့်စင်ခန်းတွေ တည်ဆောက်သွားမှာပါ။ ၂၀၁၉ ခုနှစ်အတွင်းမှာ ပြီးအောင်တည်ဆောက်မယ်လို့ သိရပါတယ်" ဟု ဗန်းမောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက ပြောသည်။

ဇလုံတောင်တက်လမ်းပြုပြင်သည့်လုပ်ငန်းအဖြစ် မြေသားလမ်းကို စတင်ဖောက်နေပြီဖြစ်ရာ အောက်တိုဘာလကုန်တွင် ပြီးစီးနိုင်ပြီး နိုဝင်ဘာလအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း ဇလုံတောင်ဒေသကားအသင်းတာဝန်ရှိသူထံမှ သိရသည်။

ပြီးခဲ့သည့်နှစ် ဘုရားဖူးရာသီ နိုဝင်ဘာလမှ ဧပြီလအထိ ပြည်တွင်းဘုရားဖူး နှစ်သိန်းကျော် ဇလုံတောင်သို့ ဘုရားဖူးခရီးလာရောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားဦးစီးမှူး ဦးအောင်သူဦးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စစ်ကိုင်း-မုံရွာ-ရွှေဘို-ကသာ-ကလေးနဲ့ ခန္တီးခရီးသွား ခြောက်ဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေတာ လက်ရှိအများဆုံး အလောင်းတော်ကဿပနဲ့ ဇလုံတောင်ရယ် ပြည်တွင်းဘုရားဖူးခရီးသည်အများဆုံးလာနေတာပါ။ ဘုရားဖူးရာသီဖွင့်လိုက်ပြီဆိုတာနဲ့ လာကြတော့တာပါ" ဟုဦးအောင်သူဦးက ပြောသည်။

လက်ရှိ သဘာဝနယ်မြေ ၄၂ ခုကို နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၉ ရာခိုင်နှုန်းသတ်မှတ် ဆောင်ရွက်ထားရာ ဇလုံတောင်ဒေသသည် ၄၃ ခုမြောက် သဘာဝနယ်မြေအဖြစ် စာရင်းဝင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

## ရေလမ်းကြောင်းဖွံ့ဖြိုးရေးအတွက် သောင်တူးခြင်း လုပ်ငန်းလုပ်ဆောင်

**ရန်ကုန် အောက်တိုဘာ ၂၂**



ရန်ကုန်မြစ်ရေလမ်းကြောင်းနှင့် ရန်ကုန်ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် သောင်တူးခြင်းလုပ်ငန်းများ ဆက်လက်၍ လုပ်ဆောင်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာန ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူးက အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရှင်းလင်းပြောကြားသည်။

SEAFORD အမည်ရှိ သောင်တူးသင်္ဘောကြီးဖြင့် ရန်ကုန်မြစ်အတွင်းသို့ ကိုးမီတာရှိ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာရာတွင် ရေလမ်းကြောင်းပိုမိုကောင်းမွန်တည်ငြိမ်ရေးအတွက် ၂၀၁၈ မေလမှ စတင်ကာသောင်တူးခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် ငါးနှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိတွင် ရန်ကုန်မြစ်၏ အပြင်စည်းခုံနေရာတွင် လေးမီတာအနက်ရရှိ၍ ရေလမ်းကြောင်းတည်ငြိမ်နေပြီဖြစ်ကာ ဆက်လက်၍ အတွင်းစည်းခုံနေရာတွင် ဆက်လက်လုပ်ဆောင်နေကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။ **ကြေးမုံ**

## ညောင်တုန်းမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်၌ လှူဒါန်းပူဇော်ပွဲများစည်ကားစွာကျင်းပမည်

**ညောင်တုန်း အောက်တိုဘာ ၂၂**

ညောင်တုန်းမြို့၏မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြို့ဦးမိုးဟုတ်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) နံနက် ၅ နာရီတွင် ဆီမီး ၁၀၀၀၊ ကြာပန်း ၁၀၀၀၊ ဆွမ်း ၁၀၀၀၊ တံခွန် ၁၀၀၀ လှူဒါန်းပူဇော်ပွဲ၊ မီးထွန်းပွဲတော်၊ ဆီမီးထွန်းညှိပူဇော်ပွဲခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အောင်ရတနာလမ်း၊ မိုးဟုတ်ဘုရားကြီးလမ်းတစ်လျှောက်၊ တောရကျောင်းလမ်း၊ ဘောဂလမ်းတစ်လျှောက်၊ သီတာလမ်း၊ ဉာဏဗလလမ်းနှင့် မြို့မလမ်းမတော်လမ်းတစ်လျှောက်တို့တွင် မြတ်စွာဘုရားအား ဆီမီးရောင်စုံများထွန်းညှိပူဇော်ခြင်းများ၊ လျှပ်စစ်ရောင်စုံမီးသီးများ ထွန်းညှိပူဇော်ခြင်း၊ စတုဒိသာအကျွေးအမွေးများ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ လှူဒါန်းပေးကမ်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပပြုလုပ်သွားရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါရက်များတွင် စတုဒိသာအကျွေးအမွေးများ၊ ပျော်ပွဲရွှင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသောဈေးသည်များ၊ ဘုရားဖူးလာဧည့်သည်များနှင့် နှစ်စဉ်တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း ဘုရားပွဲတော်ကျင်းပရေးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ထွန်းကျော်(ညောင်တုန်း)**

## ဆွာချောင်းတစ်လျှောက် သဲဖုံးလယ်မြေများအား တစ်ရက်လျှင် ပဲလွန်းဖြူ ၁၀ ဧကစိုက်ပျိုးပေး

**ရေတာရှည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီးနောက် ဆွာချောင်းစီးဆင်းရာတစ်လျှောက်ရှိ မိုးစပါးစိုက်ပျိုးမြေများ သဲနုန်းများဖုံးလွှမ်းသွားခဲ့သဖြင့် ပျက်စီးသွားခဲ့ကြရသည်။

ထိုသို့ သဲနုန်းဖုံးလွှမ်းသွားခဲ့ရသော မြေများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနများမှ ထွန်စက်များ၊ မီနီဘက်ဟိုးယာဉ်များဖြင့် စက်တင်ဘာ ၁ ရက်မှ စတင်ကာ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်းသီးနှံဖြစ်သော ပဲလွန်းဖြူအား စက်ဖြင့်ပြန်လည်စိုက်ပျိုးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက သိုင်းဝကျေးရွာအုပ်စု ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင် ၁၆၅ ၏ အရှေ့ဘက်ခြမ်းရှိ ကွင်းအမှတ် ၆၁၅/၆၁၈ တို့တွင် စိုက်ပျိုးခဲ့ကြသည်။

"ကျွန်တော်တို့ဌာနက ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် လုပ်ငန်းစဉ်လေးရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာပါ။ သဲနုန်းတွေဖယ်ရှားရှင်းလင်းပေးခဲ့တယ်။ နောက် ရေဝင်နစ်မြုပ်သွားခဲ့တဲ့ တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာတွေကို ပြုပြင်ပေးခြင်း၊ ပျက်စီးသွားတဲ့ စပါးစိုက်ခင်းတွေအတွက် ပျိုးထောင်ပြီး ကောက်စိုက်စက်နဲ့ ပြန်စိုက်ပျိုးပေးခဲ့တယ်။ နောက် ပျိုးပင်တွေဖြန့်ဝေပေးခဲ့တဲ့အပြင် နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်တဲ့ သဲနုန်းဖုံးလွှမ်းသွားတဲ့မြေတွေကို တောင်သူတွေပြန်လည်စိုက်ပျိုးနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်ဦးက ပြောကြားသည်။

စက်ကိရိယာဖြင့် ပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးပဲခြောက်ပြည်ခန့်သာကုန်ကျပြီး တစ်ရက်လျှင် ၁၀ ဧကနှုန်းဖြင့် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကာ စိုက်ပျိုးမည့်ဧကပေါင်း ၁၈၃ ဧက ဖြစ်သည်။ **ကိုလွင်(ဆွာ)**





KKH TAW WIN CENTRE

# တော်ဝင်မိသားစုကုမ္ပဏီ စတုဒိသာအလှူ

TAW WIN FAMILY CO.,LTD

တော်ဝင်မိသားစုကုမ္ပဏီမှ သီတင်းကျွတ်လပြည့် (၂၄၊၁၀၊၂၀၁၈) ဗုဒ္ဓဟူးနေ့ နံနက်(၁၀း၀၀)နာရီတွင် တော်ဝင်စင်တာ၌ စတုဒိသာ ကြက်သားထောပတ်ထမင်း၊ အအေး၊ ရေသန့် တိုက်ကျွေးခြင်း၊ အလင်းတိုင်များ ဝေငှမည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဝါးဖဝင်းဟိုတယ်မိသားစု

The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project, and intends to apply part of the proceeds toward payments under the contracts for G 41 2018-2019, **Procurement of Machineries & Equipment for IWUMD.**

The Irrigation and Water Utilization Management Department, Ministry of Agriculture, Livestock and Irrigation, now invites sealed bids from eligible bidders for the supply of **Machineries & Equipment for IWUMD.**

Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e. 09:00 to 16:00 hours Myanmar time at the address given below.

Bids must be delivered to the address below on or before November 30, 2018, 14:00 hours, Myanmar time.

A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.

***Attn: U Tint Lwin, Director of Procurement***

***Ministry of Agriculture, Livestock and Irrigation.***

***Irrigation and Water Utilization Management Department***

***Building No. 43, Floor/ Room number: 1st floor, Office of Director of Procurement,***

***City: Nay Pyi Taw Country: Republic of the Union of Myanmar***

***Telephone: +95-67-410316, Facsimile number: + 95-67-410509***

***Electronic mail address: tlwin4.irr@gmail.com***

Additional information can be obtained from **Mr. Nyein Chan Soe - National Procurement Officer, Email -** nyeinchansoe02@gmail.com


Since 1986 KMD Institute

နိုင်ငံတကာအရည်အသွေးစံချိန်မီ ISO 9001:2015 လက်မှတ်ရ

LCCI ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)

- Level 1 & 2 Book Keeping and Accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

LCCI - I, II April 2019 Series | 8 - November - 2018 7:30 am - 10:30 am | (Thu, Fri)

KMD မှ MYOB ကျောင်းသား/သူများအတွက် LCCI သင်တန်းအပ်နှံခွင့်
သင်တန်းကြေး 20% OFF

မြေနီကုန်းစင်တာ ၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး၊ ☎ ၅၂၇၄၃၆၊ ၅၀၂၂၃၃


## ဦးနေဝင်းနိုင်(MD) WAR SEINN NI PHYU Co.Ltd. သိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဒဂုံရွှေမြား(၁)လမ်း၊ အမှတ်(၈၃)နေ ဦးညဏ်ထွန်း[၁၂/လမတ(နိုင်)၀၀၆၈၇၇]နှင့် ဒေါ်သင်းသင်းဆွေ[၉/မခန(နိုင်)၁၅၁၁၉၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

လူကြီးမင်းသည် မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂)၊ ခရေပင်လမ်း၊ အမှတ်(R-5B)တွင် WAR SEINN NI PHYU Co.,Ltd ကို တည်ထောင်ထားသူတစ်ဦးဖြစ်ပြီး လူကြီးမင်း၏ ကုမ္ပဏီတွင်ငွေများထည့်ဝင်ပါက အကျိုးအမြတ်များခွဲဝေပေးမည်ဟု ကျွန်ုပ်တို့၏အမှုသည်များအား ယုံကြည်အောင်ပြောဆိုခဲ့ပါသည်။

ကျွန်ုပ်တို့အမှုသည်များမှလည်း လူကြီးမင်း၏ ပြောစကားကို ယုံကြည်သဖြင့်(၂၂-၁၂-၂၀၁၇)ရက်တွင် ကျပ်သိန်း (၇၅၀၀၀၀၀၀/-) ကျပ်သိန်းခုနစ်ရာငါးဆယ်တိတိအား လူကြီးမင်း၏ ကုမ္ပဏီတွင် ထည့်ဝင်ခဲ့ရာ အဆိုပါငွေများထဲမှ ငွေကျပ်သိန်း၃၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာတိတိ)ကို (၂၅-၂-၂၀၁၈)ရက်တွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် ကျန်ငွေများကိုလည်းပေးအပ်မည်ဖြစ်ကြောင်း ပြောဆို၍ လက်မှတ်ရေးထိုးကာ ရယူသွားကြောင်း လွှဲအပ်ချက်အရ သိရှိပါသည်။

လူကြီးမင်းသည် ကတိပြုထားသည့်(၂၅-၂-၂၀၁၈)ရက်မှစ၍ ယနေ့တိုင်ကျွန်ုပ်တို့အမှုသည်များအား ငွေကျပ်သိန်း(၇၅၀)ကို ပြန်လည်ပေးအပ်ခြင်းမရှိကြောင်းညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့အမှုသည်များထံမှ လူကြီးမင်းရယူထားသည့် ငွေကျပ်သိန်း(၇၅၀)ကို တစ်လုံးတစ်ခဲတည်းပြန်လည်ပေးအပ်ရန်တောင်းဆိုလိုက်သည်။ တောင်းဆိုမှုကို လိုက်နာမှုမရှိပါက လူကြီးမင်းအား ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုပေးရန် ကျွန်ုပ်တို့အမှုသည်များမှ လွှဲအပ်ညွှန်ကြားပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဝင်းဆွေ (LL.B)** | **ဦးချမ်းမြေ့လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၁၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၉၄)** |

**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၀၃၃၇၃**


မြေဈေး အကျဆုံး အချိန်
"တန်တယ် ဝယ်ထား"
၇မိုင် တုန်းမြင့်ရိပ်သာလမ်းသွယ်တွင်
(40'x60')- K4500L (ညှိနှိုင်း)
(40'x45')- K2500L (ညှိနှိုင်း)
(အကျိုးဆောင် လက်ခံသည်)
Tel: 09-50 72745/ 09-5133131

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-775106146


10% to 60% Off
GRACE COLLECTION
(၂၃)လမ်းနှင့်မဟာဗန္ဓုလလမ်းထိပ်၊ သိမ်ကြီးဈေးမီးပွိုင့်အနီး
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
GRAND OPENING
23-10-2018 (အင်္ဂါနေ့) နံနက်(၁၀)နာရီ
၂၃-၁၀-၂၀၁၈ မှ ၁၃-၁-၂၀၁၉ အထိ
သိန်းပေါင်း(၃၀၀၀)ကျော်ချီးမြှင့်ပေးမည့် ကံစမ်းမဲအထူးအစီအစဉ်
Toyota Brand New ကား (၃)စီးနှင့် ရွှေသားဆုမဲများစွာ
(၂၃-၁၀-၂၀၁၈) မှ (၃၁-၁၀-၂၀၁၈)အထိ
ဝယ်ယူသူတိုင်းအတွက်ဝယ်ယူသည့် တန်ဖိုးပေါ်မူတည်၍
ကျပ်(၃)သောင်းမှ(၅)သိန်းအထိ
ရွှေဆွဲပြားနှင့် ရွှေဆွဲကြိုးများချက်ခြင်းလက်ဆောင်ချီးမြှင့်ပေးမည်။
ချက်ခြင်းပေါက်ချက်ခြင်းယူ ဗလာမပါကံစမ်းမဲအစီအစဉ်
(၁)ကျပ်သားရွှေဆွဲကြိုး - (၅)ကုံးနှင့်အခြားရွှေသားဆုမဲများ
တီမွှီ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်နှင့် ငွေသားကံစမ်းမဲများ
ပြေတီဦး၊ နေတိုး၊ မြင့်မြတ်၊ ဇေရဲထက်၊ ကျော်ထက်အောင်
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ အေးဝတ်ရည်သောင်း
Rဇာနည်၊ ရွှေထူး၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ နိုနိုဝင်ဇော် ၊ (Rose Quartz) တို့ဖြင့် ထူးခြားဆန်းပြားဖျော်ဖြေမှုများ ရင်ခုန်ဖွယ် ဖွင့်လှစ်ပေးပါမည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexender Vasilievich Fomin နှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr.Vijay Gokhale တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာမှုရှိသည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Colonel General Alexender Vasilievich Fomin** အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မရမ်းကုန်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်အတွင်း ရေဝင်ရောက်၍ ပြည်သူများ ရွှေ့ပြောင်းနေထိုင်ရ



မရမ်းကုန်းမြို့နယ်တွင် လူနေအိမ်များအတွင်း ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့ပေါ်ရှိ မြို့နယ်များတွင် အောက်တိုဘာ ၂၁ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးအဆက်မပြတ်ရွာသွန်းကာ ယနေ့ နံနက် ၇ နာရီအထိ အဆက်မပြတ် ရွာသွန်းနေသော မိုးကြောင့် မရမ်းကုန်းမြို့နယ်နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ပထမ အစမ်းစာမေးပွဲကြီး ဖြေဆိုမည့် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများပင် သမိုင်းလမ်းဆုံ၏ ရွှေနောက် ဝဲ၊ ယာ ကားလမ်းမပေါ် ရေကျော်နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ အခက်အခဲများစွာ ကြုံတွေ့ကြရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် ကျောက်ရေတွင်း စမ်းချောင်းလမ်းအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောင်းရေလျှံတက်လာကာ ယနေ့နံနက် ၆ နာရီခွဲခန့်က လူနေအိမ်များအတွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## မြန်မာ့လက်ရွေးစင်အသင်း ကာတာခရီးစဉ် ဒုတိယခြေစမ်းပွဲအဖြစ် Police အသင်းနှင့် ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ် ဒုတိယပွဲအဖြစ် ကာတာ Police အသင်းနှင့် အောက်တိုဘာ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာ ၁၇ ရက်မှစ၍ ကာတာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူးကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ဆုဇူးကီးဖလားပြိုင်ပွဲမတိုင်မီ ငါးပွဲမြောက် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ် ပထမပွဲအဖြစ် အောက်တိုဘာ ၁၉ ရက်က ကာတာကလပ် အယ်လ်ဒူဟေးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ်တွင် ကာတာ Police အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမပွဲကို အောက်တိုဘာ ၂၄ ရက်၊ ဒုတိယပွဲကို အောက်တိုဘာ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

